ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၆၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ကျန်းမာရေး။ ဦးကျွန်ခဲန်း၊ ချင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဆေးကုသမှုခံ။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ မိသားစုကျန်းမာရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဘတ်ဂျက်ကိစ္စဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ဖခင်ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာအုပ်စု၊ ချောင်းခြောက်ချောင်းအား ချောင်းကြမ်းပြင်တူးဖော်ခြင်း၊ တာဘောင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သော်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဲကျောက်စရစ်များ ဖုံးလွှမ်းနေခြင်းအပေါ် ပြန်လည်ပြုပြင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် က မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာအုပ်စု၊ ချောင်းခြောက်ချောင်းအား ချောင်းကြမ်းပြင်တူးဖော်ခြင်း၊ တာဘောင်ဖို့ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဲကျောက်စရစ်များ ဖုံးလွှမ်း

နေခြင်းအပေါ် ပြန်လည်ပြုပြင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယစိတ္တ သုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာအုပ်စု၊ ချောင်းခြောက်ချောင်းအား မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဲ၊ ကျောက်စရစ်များ ဖုံးလွှမ်းနေမှုအပေါ် ပြန်လည်ပြုပြင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ ချောင်းခြောက်ချောင်းဟာ ပင်းဟဲကျေးရွာအနောက်ဘက် ကွင်းအမှတ်(၃၀၈)နဲ့ (၃၁၀)တို့ကို ဖြတ်သန်းစီးဆင်းတဲ့ ချောင်းကြီးဖြစ်ပါတယ်။ ချောင်းခြောက်ချောင်းလို့ ပြောရလောက်အောင်ပဲ ဒီ ပွင့်လင်းရာသီ နွေရာသီမှာ ရေမရှိဘဲနဲ့ သဲပြင်ပဲ ဖြစ်နေပါတယ်။ မိုးတွင်းကတော့ တောင်ကျချောင်း ဖြစ်တဲ့အတွက် ရေစီးနှုန်းကြမ်းတမ်းပြီးတော့ ကျောက်တုံး၊ ကျောက်ခဲတွေ မျောပါစီးဆင်းတဲ့ ချောင်းကြီးဖြစ်ပါတယ်။ ချောင်းဖြတ်သန်းစီးဆင်းတဲ့ ဝဲ/ယာမှာရှိတဲ့ လယ်ယာမြေများဟာ မြေဆီ၊ မြေဩဇာကောင်းတဲ့အတွက် မိုးစပါးသီးနှံနဲ့တကွ ဆောင်းသီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ နေရာဖြစ်တဲ့အတွက် တောင်သူလယ်သမားတို့ရဲ့ လူမှုစီးပွားဘဝကို များစွာ အထောက်အကူပြုတဲ့ တောင်သူလယ်သမားတို့ရဲ့ အသဲနှလုံးလို့လည်း ပြောလို့ရတဲ့ နေရာကြီးဖြစ်ပါတယ်။ အဲဒီချောင်းဟာ နှစ်စဉ်မိုးရေကြီးမှုကြောင့် ကျောက်စရစ်တွေ၊ ကျောက်တုံးကျောက်ခဲတွေ မျောပါစီးဝင်ပြီး ချောင်းများကောလာပြီးတော့ လယ်ကွင်းထဲအထိ ကျောက်တုံးကျောက်ခဲတွေ ဖုံးလွှမ်းသွားတဲ့အတွက် ဒေသခံတောင်သူလယ်သမားများနဲ့ တာဝန်ရှိပုဂ္ဂိုလ်များနဲ့တကွ ကွင်းဆင်းစိစစ်ပြီးတော့ ပဉ္စမအကြိမ်လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြခဲ့ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကုန်ခါနီးမှာ ကချင်ပြည်နယ်အစိုးရရဲ့ ခွင့်ပြုရန်ပုံငွေ (၉၂) သိန်းနဲ့ အကျယ်(၃၀)ပေ၊ အနက်(၆)ပေ၊ အလျား(၁၃၅၀၀)ပေကျော်ရှိတဲ့ ဆည်မြောင်းကြီးကို ပြန်လည်တူးဖော်ပြုပြင်ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း မိုးစပါးစိုက်ပျိုးပြီးတဲ့ ကာလဖြစ်တဲ့ ၁၄-၈-၂၀၁၄ ရက်နေ့မှာ သဘာဝမိုးအန္တရာယ်ကြောင့် တစ်ညထဲနဲ့ အဲဒီပေ(၁၃၀၀)ရှည်လျားတဲ့ (၃)မိုင်လောက်ရှိတဲ့ ချောင်းကြီးဟာ ကျောက်တုံး၊ ကျောက်ခဲတွေ၊ သဲပြင်တွေနဲ့ ပြန်လည်ဖုံးလွှမ်းသွားတာကို ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ကွင်းဆင်း စစ်ဆေးချက်အရ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။ ကျွန်တော် ဒီမေးခွန်းနဲ့အတူ ဓာတ်ပုံတွေကိုလည်း ဥက္ကဋ္ဌကြီးဆီ ပူးတွဲတင်ပြထားပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ထူးခြားချက်အနေနဲ့က မနှစ်ကချောင်းတူးဖော်တဲ့ အချိန်မှာ ဒီ ချောင်းခြောက်ချောင်းရဲ့ ချောင်းဖျားဖြစ်တဲ့ ရေဝေရေလဲဒေသ တောင်ပေါ်မှာ ရေတံခွန်တွေ လည်းရှိပြီးတော့ ကျွန်တော်တို့ သဘာဝမြေအနေအထားအရ ရှေးနှစ်ပေါင်းများစွာကတည်းက မြေလျှောဒဏ်

ကြောင့် ကျောက်တုံးကျောက်ခဲတွေ ပြိုပြီးတော့စုနေတဲ့ တောင်ကြီးတွေ ဖြစ်ပါတယ်။ ဒီနှစ်က ဒေသဖွံ့ဖြိုးရေးအရ စီးပွားရေးလုပ်ငန်းရှင်တွေက အဲဒီရေဝေရေလဲတောင်တွေရဲ့ တောင်ခြေရင်းတွေမှာ ကျောက်ထုတ်လုပ်လုပ်ငန်းကို သွားရောက်လုပ်ကိုင်ကြတဲ့အတွက် ဒီမြေစာတွေ အကုန်လုံး တောင်ကမ်းပါးကနေ အကုန်လုံးပြိုကျနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီနှစ်က မနှစ်ကလိုပဲ ကျပ် သိန်းပေါင်း(၁၀၀၀)နီးပါး နိုင်ငံတော်ရဲ့ ဘတ်ဂျက် အကုန်အကျခံပြီး တူးဖော်ပေးခဲ့တဲ့ ဆည်မြောင်းကြီးဟာ တစ်ညထဲနဲ့ မိုးသည်းထန်စွာ ရွာသွန်းလို့ ပြန်လည်ဖုံးလွှမ်းသွားတဲ့အတွက် ဒီနှစ်ဆိုရင် ကျွန်တော်တို့ မနှစ်က ပုံစံအတိုင်းပဲ မြောင်းကိုပဲ ပြန်လည်တူးဖော်ပေးမယ်ဆိုရင်တော့ ဒီတောင်ခြေမှာ မနှစ်က တောင်ခြေရင်းမှာ ကျောက်တူးထားတဲ့ လုပ်ငန်းတွေ မလုပ်ခင်မှာတောင်မှ တောင်ကျချောင်းနဲ့အတူ ကျောက်တုံးကျောက်ခဲတွေ စီးဝင်မျောပါနေပြီး လယ်တွေကို ဖုံးလွှမ်းနေတာ ဖြစ်တဲ့အတွက် ဒီနှစ်က ပိုပြီးတော့များ အန္တရာယ်ကြီးမားနိုင်လိမ့်မယ်လို့ ကျွန်တော်အနေနဲ့ ထင်မြင်ယူဆပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်ဒီမေးခွန်းကို ပြန်လည်မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ လယ်ယာနဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ကို စိစစ်တဲ့ နေရာမှာလည်း ဒီချောင်းကြီးကို ပြန်လည်တူးဖော်ဖို့ လုပ်ငန်းပါဝင်ထားခြင်း၊ ဘတ်ဂျက်ထည့်သွင်းထားခြင်း မရှိပါဘူး။ ဒါပေမယ့်လည်း ဒီ ကိစ္စကို ကျွန်တော်အနေနဲ့ အထူးကိစ္စရပ်အနေနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ ဝန်ကြီးဌာနရုံး အနေနဲ့ ကျွန်တော်တို့ အထူးကိစ္စရပ်အနေနဲ့ ဒီ ကျွန်တော်တို့ ဖြည့်စွက်ဘတ်ဂျက်မှာ ပြုပြင်ပေးနိုင်မှ ရှေ့လာမယ့် မိုးတွင်းရာသီ၊ စပါးစိုက်ပျိုးရာသီအမီ ဒီချောင်းကြီးကို ပြုပြင်နိုင်မှ ကျွန်တော်တို့ ဒီ အန္တရာယ်တွေကို အချိန်မီ ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်ဆိုတဲ့ အကြောင်းလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီချောင်းဟာ ရွာနဲ့ (၃)မိုင်အကွာလောက်ပဲ ရှိပါတယ်။ ချောင်းရဲ့လားရာ အရပ်ကလည်း အိမ်ခြေ(၅၀၀)ကျော်ရှိတဲ့ ဒီ ပင်းဟဲကျေးရွာအုပ်စု တောင်သူလယ်သမားတွေ စုပေါင်းနေထိုင်တဲ့ ရွာကြီးကို တည့်မတ်နေပါတယ်။ အခုချောင်းဟာ လားရာလမ်းကြောင်း မရှိတော့ပါဘူး။ လယ်မြေဟာ လယ်ကွက်တွေထက်ကို ပိုပြီးတော့ မြင့်နေတဲ့အတွက် သဲကြမ်းပြင်ကြီး ဖြစ်နေပါတယ်။ ဒီနှစ်သာ မိုး အန္တရာယ်ထပ်ပြီး ကျရောက်မယ်ဆိုရင် ဒီ ချောင်းကြီးဟာ ဦးတည်ရာမရှိဘဲနဲ့ ရွာထဲကိုများ ဝင်ရောက်သွားနိုင်ပြီးတော့ ဒီမှာနေထိုင်တဲ့ ဒေသခံတောင်သူလယ်သမားတွေ အကုန်လုံး ဒုက္ခရောက်နိုင်မလားဆိုပြီး ကျွန်တော်စဉ်းစားမိပါတယ်။ ဒါကြောင့်မို့လို့လည်း ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာအုပ်စု ချောင်းခြောက်ချောင်းအား မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောက်စရစ်များဖုံးလွှမ်းနေခြင်းအပေါ် ပြန်လည်တူးဖော်ပေးခြင်းနဲ့အတူ သဲကျောက်များ ထပ်မံဖုံးလွှမ်းခြင်းမဖြစ်အောင် ကျွမ်းကျင်ပညာရှင်များနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျောက်တုံးများတားတဲ့တမံများ တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ အစီအစဉ်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၄။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန - ၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည် ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ပင်းဟဲကျေးရွာအုပ်စု၊ ပင်းဟဲကျေးရွာအနောက်ဘက် ကွင်းအမှတ်(၁၀၈)နဲ့ (၃၀၀)တို့ကို ဖြတ်သန်းစီးဆင်းနေတဲ့ ချောင်းခြောက်ချောင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ကျပ်(၉၂)သန်း ထည့်သွင်းတောင်းခံပြီးတော့ ချောင်းကြမ်းပြင်တူးဖော်ခြင်း အလျား(၁၃၅၀)ပေ၊ မြေကြီးကျင်းစုစုပေါင်း(၂၇၀၀၀)ကျင်းတူးဖော်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ပေးခဲ့မှုကြောင့် ပင်းဟဲကျေးရွာအုပ်စုအနီး ပတ်ဝန်းကျင်မှာ ရှိတဲ့ လယ်မြေဧက (၇၀၀)ခန့်ကို အကျိုးဖြစ်ထွန်းစေကြောင်း သိရပါတယ်။ သို့ရာတွင် ချောင်းဖျားခံတဲ့ တောင်ကုန်းထိပ်မှာ သက်နုသဲကျောက်များဖြစ်နေခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်မှုမရှိခြင်းနဲ့ ရာသီဥတုဖောက်ပြန်မှုနဲ့အတူ ၁၃-၈-၂၀၁၄ ရက်နေ့မှာ မိုးရေချိန် (၆.၄၄)လက်မရွာသွန်းခဲ့ပြီးတော့ တောင်ကျ ချောင်းရေများကြောင့် တောင်ပြိုကျောက်ရောမြေများ ရေစီးနဲ့မျောပါပို့ချလာခြင်းကြောင့် ယခင်နှစ်ပြုပြင်ခဲ့တဲ့ ချောင်းအလျား(၁၃၅၀)ပေ၊ မြေကြီးကျင်းစုစုပေါင်း (၂၇၀၀၀)ကျင်းမှာ (၅၀)ရာခိုင်နှုန်းခန့် ပြန်လည်တိမ်ကောသွားခဲ့ပါတယ်။

၎င်းတိမ်ကောသွားတဲ့အပိုင်းကို ပြန်လည်တူးဖော်ပါက အလျား(၆၅၀၀)ပေ၊ မြေကြီးကျင်းပမာဏ(၁၈၀၀၀)ကျင်းခန့် ဆောင်ရွက်ရန် ခန့်မှန်းကုန်ကျငွေ ကျပ် (၆၂)သန်းခန့် လိုအပ်မည်ဖြစ်ပါကြောင်း ပြည်နယ်ဆည်မြောင်းဦးစီးဌာနမှ ခန့်မှန်းတွက်ချက်တင်ပြလာပါတယ်။ အဆိုပါလုပ်ငန်းကို ဆောင်ရွက်ပေးခြင်းအားဖြင့် ရေတိုလတ်တလောကာလအတွင်းမှာ အကျိုးရှိနိုင်သော်လည်းပဲ ရာသီဥတုဖောက်ပြန်မှုကြောင့် အချိန်မရွေးပျက်စီးနိုင်ပြီးတော့ ထပ်မံအကုန်အကျခံ ဆောင်ရွက်ရန် မသင့်ပါ။ ရေရှည်ကောင်းမွန်စေရေးအတွက်ကို ကျွမ်းကျင်ပညာရှင်များနဲ့ စူးစမ်းလေ့လာပြီးတော့ သေချာတိုင်းတာတွက်ချက်ပြီးတော့ ဒီဇိုင်းပုံစံထုတ်လုပ်ဆောင်ရွက်ခြင်း၊ အနီးပတ်ဝန်းကျင်မှာရှိတဲ့ တောင်ကုန်းများမှာ သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံပြည်သူများနဲ့ ပူးပေါင်းဆောင်ရွက်မှသာလျှင် ချောင်းတိမ်ကောခြင်းကနေပြီးတော့ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ တိမ်ကောနေတဲ့ ချောင်းခြောက်ချောင်းကို ပြန်လည်တူးဖော်နိုင်ရေးမှာ ရေရှည်ကောင်းမွန်စေရန် ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရအနေနဲ့ ရန်ပုံငွေ ထည့်သွင်းတောင်းခံထားခြင်း မရှိပါကြောင်းနဲ့ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ ကျွမ်းကျင်ပညာရှင်များနဲ့ သေချာစွာ တိုင်းတာတွက်ချက်ပြီးမှသာ ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်

ထည့်သွင်းတောင်းခံနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေအရ လူမှုဖူလုံရေးအိမ်ရာများ ထူထောင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး က ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ လူမှုဖူလုံရေးအိမ်ရာများ ထူထောင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ယနေ့အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဖူလုံရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေအမှတ် ၁၅/၂၀၁၂ ဖြင့် ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ လူမှုဖူလုံရေးနည်းဥပဒေကကျတော့ ကျွန်တော်တို့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက်မှာ ထုတ်ပြန်ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ပင်မဥပဒေကြီး ပြဋ္ဌာန်းခဲ့တာ (၂)နှစ်ကျော်ပါပြီ၊ နည်းဥပဒေ ပြဋ္ဌာန်းခဲ့တာကတော့ (၁)နှစ်နီးပါးရှိပါပြီ။

လူမှုဖူလုံရေးဥပဒေအသစ်မှာ ကျွန်တော်တို့ ထူးခြားချက်တွေ အများကြီးပါလာပါတယ်။ ဒီဘက်ခေတ် ပြည်ထောင်စုလွှတ်တော်ကြီး ပေါ်ပေါက်လာပြီးတဲ့အခါမှာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေရဲ့ အခန်း(၅)မှာ လူမှုဖူလုံရေးစနစ်နဲ့ အကျိုးခံစားခွင့်များမှာ လူမှုဖူလုံရေးစနစ်ဆိုတဲ့ ခေါင်းစဉ်ငယ်ရဲ့ အောက်မှာ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၁)မှာ အိမ်ရာစီမံကိန်းများဖြင့် ထူထောင်ထားသည့် လူမှုဖူလုံရေး အိမ်ရာများတွင် အာမခံထားသူများအား သတ်မှတ်ချက်များနှင့်အညီ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ ဝယ်ယူခွင့်၊ ပိုင်ဆိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် ဒီလိုပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၇)မှာလည်း ဒီ လူမှုဖူလုံရေး ရန်ပုံငွေတွေ ထူထောင်ထားတဲ့နေရာမှာ လူမှုဖူလုံရေးအိမ်ရာစီမံကိန်း ရန်ပုံငွေလို့ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိတဲ့အတိုင်းပါပဲ။ အခုကျွန်တော်တို့ နေရေးထိုင်ရေး အိမ်ရာ အခက်အခဲတွေက အင်မတန်မှ ကြီးမားစွာ ကြုံတွေ့နေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာတွေကို ထူထောင်ပေးနေတယ်ဆိုပေမယ့် လုံလောက်တဲ့ ထူထောင်မှုမျိုး မဟုတ်သေးတဲ့ အခါမှာ ဦးရာလူစနစ်နဲ့ပဲ ကျွန်တော်တို့ ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီလို နိုင်ငံအနှံ့အပြားမှာ အိမ်ရာတွေ ထူထောင်ပေးနေတယ်ဆိုတာလည်း ဒါ ဥပဒေတစ်ရပ် ယနေ့အထိ ခိုင်ခိုင်မာမာပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်ပေးနေတာ မဟုတ်ပါဘူး။ ဖွံ့ဖြိုးရေးလုပ်ငန်းများ အနေနဲ့ပဲ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေတစ်ရပ်မှာ ထည့်သွင်းဖော်ပြထားတဲ့ ဥပဒေရဲ့ အကျိုးသက်ရောက်

ခွင့်အရခံစားရမယ် ဆိုရင်တော့ ကျွန်တော်တို့ လုပ်သားတွေအတွက် အလုပ်သမားလူတန်းစားအတွက် ဒါလေးက တော်တော်အဆင်ပြေမယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါရစေ။ လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့်ရှိတဲ့ အထဲမှာ အစိုးရဝန်ထမ်းများတင်မကပါဘူး။ ကျွန်တော်တို့ ပုဂ္ဂလိကဝန်ထမ်းများ မည်သူမဆို လူမှုဖူလုံရေး ရန်ပုံငွေကို ထည့်ဝင်ပြီးတော့ ဝင်ရောက်ထားတယ်ဆိုရင် ဒါ အကျိုးခံစားခွင့်တွေ ရရှိမယ်ဆိုတာ လူတိုင်းအသိပဲ ဖြစ်ပါတယ်။ အဲဒီတော့ နည်းဥပဒေများ ထွက်ရှိလာတဲ့အခါမှာ ကျွန်တော်အနေနဲ့ လည်း ပိုပြီးတော့ ဝမ်းသာကျေနပ်မိပါတယ်။ လုပ်သားထုကြီးတစ်ရပ်အနေနဲ့လည်းပိုပြီးတော့ သူတို့ရဲ့ မျှော်လင့်ချက်တွေက တိုးပွားလာပါတယ်။ နည်းဥပဒေ အခန်း(၁၀)မှာ အခန်းတစ်ခန်းလုံး အနေနဲ့ လူမှုဖူလုံရေး အိမ်ရာစီမံကိန်းဆိုပြီးတော့ ကျွန်တော်တို့ နည်းဥပဒေ(၉)ခုနဲ့ ပြဋ္ဌာန်းထားပါတယ်။ အင်မတန်မှကို စနစ်ကျနစွာနဲ့ကို ပြဋ္ဌာန်းထားတာပါ။ Hire-Purchase System နဲ့ ဝယ်ယူလို့ ရမယ်။ နောက် ဒီငွေကို မသွင်းနိုင်ရင်တောင်မှ လူမှုဖူလုံရေးအဖွဲ့ကနေ အာမခံချက်ပေးထားတဲ့ ဘဏ်မှာ ဒီ အိမ်ခန်းကို ပြန်ပြီးတော့ပေါင်၊ ပေါင်ပြီးတော့မှ တစ်ခါ ဆောင်ရွက်လို့ရတယ်။ ဒီလိုကို အင်မတန်မှ စနစ်တကျ ရေးဆွဲပြီးတော့ ဖော်ပြထားတာဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့ဒီနေ့အချိန်မှာတော့ ဥပဒေကြီး ပြဋ္ဌာန်းပြီးတာက (၂)နှစ်ကျော်၊ နည်းဥပဒေများ ထွက်ရှိလာတာက (၁)နှစ်ပြည့်ဖို့ ရက်ပိုင်းပဲ လိုပါ တော့တယ်။ ဒါပေမဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်မှုမှာတော့ ဒါအားနည်းနေတာကို တွေ့ရပါတယ်။ အထူးအားဖြင့်တော့ နိုင်ငံ့ဝန်ထမ်းများအပါအဝင် လူမှုဖူလုံရေး ခံစားခွင့်ရှိတဲ့ လုပ်သားတွေရဲ့ ဘဝနောင်ရေးအတွက် အိမ်ရာစီမံကိန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေး နိုင်ခြင်း မရှိသေးတာကို လေ့လာတွေ့ရှိရပါတယ်။

ဒီ အလုပ်သမားတွေ အနေနဲ့ စားဝတ်နေရေးအခက်အခဲတွေ မြောက်မြားစွာ ကြုံတွေ့နေရတဲ့ နေရာမှာ ဒီ မြေဈေးနှုန်း၊ အိမ်ဈေးနှုန်း ကြီးမြင့်တဲ့အတွက်ကြောင့်မို့လို့ နေထိုင်ရေး အခက်အခဲတွေက အဆိုးဆုံးဖြစ်နေပါတယ်။ ကျွန်တော်တို့ ဒီ စက်မှုဇုန်တွေ များပြားစွာ တည်ရှိနေတဲ့ နေရာတွေမှာဆိုရင် အဆောင်လေးတွေ၊ အဆောင်လေးတွေဆိုတာက ဒီ အခန်းကျဉ်းလေးတစ်ခန်းထဲမှာကို (၁၀)ယောက်၊ (၁၅)ယောက်၊ ဒီလို ကျောတစ်ခင်းစာ အိပ်စက်ပြီးတော့ကို တစ်ညကို ငွေကြေးအားဖြင့် (၁၀၀၀) စသည် ဖြင့် ဒီလိုနဲ့ နေ နေရတာဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဒါ အလုပ်သမားထုအတွက်က အင်မတန်မှကို ဒါတွေက လူမှုရေး အရှုပ်အထွေးတွေ၊ အခက်အခဲတွေ ကြီးမားစွာ ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ အဲဒီ တော့ ဒီ အခက်အခဲတွေကို ဖြေရှင်းပေးဖို့ ဆိုတာကလည်း ခိုင်မာတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်း ပြီး ဖြစ်ပါတယ်။ ဒီဥပဒေတွေ၊ နည်းဥပဒေတွေရဲ့ အကျိုးသက်ရောက်မှုလေး၊ ဒါလေးကို သက်ဝင်အောင် ဖော်ဆောင်ပေးလိုက်နိုင်တာနဲ့ ဒါတွေဟာ ဖြေရှင်းဆောင်ရွက်ပြီးသား ဖြစ်သွားမှာပါ။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုတာကတော့ ပြဋ္ဌာန်းပြီးဖြစ်တဲ့ လူမှုဖူလုံရေးဥပဒေပါ ခံစား ခွင့်တွေကို ပြဋ္ဌာန်းထုတ်ပြန်ပြီးဖြစ်တဲ့ လူမှုဖူလုံရေး နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ အပြည့်အဝ ခံစားခွင့်ရရှိနိုင်ရေးအတွက် လုပ်သားထုတစ်ရပ်လုံးရဲ့ အကျိုးငှာ မေးခွန်း (၃)ခု မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်(၁)မေးခွန်းကတော့ ၂၀၁၂ လူမှုဖူလုံရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အတိုင်း လူမှုဖူလုံရေးအိမ်ရာစီမံကိန်းများကို အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိပါ။ (၂)မေးခွန်းကတော့ ဥပဒေတစ်ရပ်လုံးပြဋ္ဌာန်းပြီးတဲ့နောက် သက်ဝင် အကျိုးသက်ရောက်စေမှု

အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်စွမ်း မရှိမှုတို့အတွက် ပြည်ထောင်စု အစိုးရကနေပြီးတော့ တာဝန်ခံယူနိုင်ခြင်းရှိ/မရှိဖြစ်ပါတယ်။ (၃)မေးခွန်းကတော့ ဥပဒေထဲမှာ အတိအကျ ပြဋ္ဌာန်းပြီးပါပြီ။ နည်းဥပဒေမှာလည်း အခန်းတစ်ခန်းအနေနဲ့ကို ထုတ်ပြန်ပြီးဖြစ်တဲ့ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုမရှိခြင်း ပြဋ္ဌာန်းဥပဒေရဲ့ အကျိုးသက်ရောက်မှုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့ကို ဖော်ဆောင်ပေးနိုင်ခြင်း မရှိခြင်းတို့အတွက် အုပ်ချုပ်ရေးပိုင်းကနေပြီးတော့ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့ မေးခွန်း(၃) ခုကို ဖြေကြားပေးဖို့အတွက် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ အလုပ်သမား၊ အလုပ်အကိုင်နဲ့လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီးဖြစ်တဲ့ အပြင် လူမှုဖူလုံရေးဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။

အလုပ်သမား၊ အလုပ်အကိုင်နဲ့လူမှုဖူလုံရေးဝန်ကြီးဌာနဟာ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေကို ၃၁-၈-၂၀၁၂ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁-၄-၂၀၁၄ နေ့ရက်မှ စတင်ပြီးတော့ ကျင့်သုံးခဲ့တဲ့ ဥပဒေသစ်ကို စတင် အကောင်အထည်ဖော်တဲ့ ကာလ(၁၀)လတာခွဲမျှသာ ရှိပါသေးတယ်ရှင်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို စတင်အကောင်အထည်ဖော်တဲ့အခါ ဥပဒေပုဒ်မ ၁၀၀ နဲ့ အညီ အာမခံစနစ်များကို အဆင့်ဆင့် အကောင်အထည်ဖော်နိုင်သည့်အတွက် အာမခံစနစ်(၆)မျိုးရှိသည့်အနက်မှ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှုကြောင့် အကျိုးခံစားခွင့် အာမခံစနစ်(၃)မျိုးကိုသာ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်အာမခံစနစ်(၃)မျိုးဖြစ်တဲ့ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိတဲ့ အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နဲ့ ကျန်ရစ်သူ အကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့် အာမခံစနစ်၊ အခြားလူမှုဖူလုံရေးစနစ်ဖြစ်တဲ့ အိမ်ရာစီမံကိန်းတို့အနက် လူမှုဖူလုံရေးစနစ် အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန် ပုဒ်မ ၁၀၀ နဲ့အညီ နိုင်ငံတော်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုနဲ့ ဘဏ္ဍာရန်ပုံငွေ ဖူလုံမှုအပေါ်မှာ မူတည်ပြီးတော့ လာမယ့်ဘဏ္ဍာရေးနှစ်များမှာ အခြေအနေအရပ်ရပ်ကို စဉ်းစားသုံးသပ်ပြီးမှသာ အကောင်အထည်ဖော်နိုင်မှာဖြစ်တဲ့အကြောင်းနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဥပဒေကို စတင်အကောင်အထည် ဖော်ပြီးတဲ့နောက် ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်က ထက် လူမှုဖူလုံရေးအဖွဲ့ပေါ်မှာ အားပေးမှု၊ ကူညီမှုတွေရှိပြီးတော့ အဖွဲ့ရဲ့ဆောင်ရွက်မှုတွေကို အသိ အမှတ်ပြုခြင်းခံနေရပါတယ်။ လူမှုဖူလုံရေးအဖွဲ့ကလည်း ကြိုးစားဆောင်ရွက်မှုများစွာရှိတဲ့ အတွက် ကျွန်မအနေနဲ့ အနည်းငယ်တင်ပြရရင် ၂၀၁၄ ခုနှစ် မတ်လမှာ အာမခံအလုပ်သမားဦးရေ (၇)သိန်းခန့် သာရှိပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလရောက်တဲ့အခါမှာ (၇၆၂၃၀၀)အထိ တက်ရှိလာပါတယ်။ အာမခံ အလုပ်သမားဦးရေ (၆)သောင်းခန့်တိုးတက်လာတာကို မှတ်ပုံတင်လာတာကို တွေ့ရှိ နိုင်ပါတယ်။ အဆိုပါ အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်ပြီးတော့ စီမံကိန်းကာလ စတင် တဲ့(၈)လတာ ကာလမှာ အမှုတွဲပေါင်း(၅၂၆၁)ခုအတွက် ငွေကြေးအကျိုးခံစားခွင့် ငွေကျပ်(၉၁၈.၉၉၇) သန်းကို ခံစားခွင့်ပြုခဲ့ပါတယ်။

ထို့အပြင် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားတဲ့ အာမခံလုပ်သား(၄၄)ဦးရဲ့ မိသားစု များကို ကျန်ရစ်သူ အကျိုးခံစားခွင့် နာရေးစရိတ်အဖြစ် ငွေကျပ်(၁၁၈.၂၉)သန်းကိုလည်း ထောက်ပံ့ပေးခဲ့ ပါတယ်။ လူမှုဖူလုံရေး ဆေးရုံ၊ ဆေးခန်းများကို လာရောက်ပြသနိုင်ဖို့ အခက်အခဲရှိနေတဲ့ အာမခံအလုပ် သမားတွေအတွက် လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မှု၊ ရွေ့လျားဆေးကုသယာဉ် Mobile Medical Unit (MMU) နဲ့ စက်ရုံ၊ အလုပ်ရုံအရောက် ကွင်းဆင်းစစ်ဆေးကုသမှုများပြုလုပ်ခဲ့တာဟာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအထိ (၁၀)လတာကာလမှာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူ စုစုပေါင်း(၃၄၁၄၈)ဦးအတွက် ငွေကျပ်(၂၁၄.၇၂)သန်းကိုလည်း အကုန်အကျခံပြီး ကျန်းမာရေး စောင့်ရှောက်မှုတွေ ပေးခဲ့တဲ့အတွက် လူမှုဖူလုံရေးအဖွဲ့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို သိရှိစေလို ပါတယ်။

အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ အာမခံအလုပ်သမားများက ၎င်းတို့ဝင်ငွေရဲ့ (၂၅)ရာခိုင်နှုန်းကို အိမ်ရာစီမံကိန်းအတွက် ဆန္ဒအလျောက်ထည့်ဝင်ရမှာဖြစ်ပါတယ်။ ဥပဒေပုဒ်မ ၈၇ မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအိမ်ရာစီမံကိန်းများအကောင်အထည် ဖော်နိုင်ရေးအတွက် အစိုးရက စီမံခန့်ခွဲပေးသော မြေများမှ သင့်လျော်သည့် မြေကွက်များကို စည်းကမ်း ချက်များ သတ်မှတ်၍ သုံးစွဲခွင့်ပြုသည့်အပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လူမှုဖူလုံရေး အိမ်ရာ စီမံကိန်းအတွက် လိုအပ်သလို ထောက်ပံ့နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

ထို့အပြင် နည်းဥပဒေ ၁၆၉ တွင် ဖော်ပြထားသည့် လူမှုဖူလုံရေးအိမ်ရာစီမံကိန်းတွင် ထည့်ဝင်ကြေးပေးထားသူများသည် အိမ်ရာတန်ဖိုး၏ (၃၀)ရာခိုင်နှုန်းကို ထည့်ဝင်၍သော်လည်းကောင်း၊ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေ နှစ်ရပ်ပေါင်းအရ ပေးသွင်း ထားသည့် ထည့်ဝင်ကြေးကာလ လပေါင်း(၁၈၀)ရှိပြီးတော့ အိမ်ရာတန်ဖိုးရဲ့ (၃၀)ရာခိုင်နှုန်းကို တစ်လုံး တစ်ခဲတည်းပေးနိုင်ရင် လူမှုဖူလုံရေး အိမ်ရာဝယ်ယူခွင့်ရှိမည်ဖြစ်သောကြောင့် ပုဒ်မ ၁၀၀ နဲ့ အညီ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာငွေဖူလုံမှုအပေါ်မှာ မူတည်ပြီး အခြေအနေ အရပ်ရပ်ကို စဉ်းစားသုံးသပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရသို့ ဆက်လက် တင်ပြဆောင်ရွက် သွားနိုင်မည်ဖြစ်သကဲ့သို့ နည်းဥပဒေပုဒ်မ ၅၅ (ဃ)အရ အလုပ်သမားများ ဘက်မှ လည်း မိမိတို့ဝင်ငွေရဲ့ (၂၅)ရာခိုင်နှုန်းကို လစဉ်ထည့်ဝင်နိုင်မယ့် အခြေအနေလည်းရှိရန် လိုအပ်ပါတယ်။

ထို့အပြင် ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် အလုပ်လုပ်နေတဲ့ အလုပ်သမား အများစုဟာ အစိုးရနိုင်ငံ့ဝန်ထမ်းကဲ့သို့ အမြဲတမ်းအလုပ်ဌာန တစ်ခုတည်းမှာ အလုပ် လုပ်နေသူများ မဟုတ်ဘဲ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများ ဖြစ်သကဲ့သို့ အိမ်ရာတန်ဖိုးကို အပြည့်အဝပေးသွင်းနိုင်ရန်အတွက်လည်း အမြဲတမ်းအလုပ်ရှိနေမယ့် အခြေအနေလည်း လိုအပ်လာပါတယ်။ ဒါကြောင့်မို့လို့ အိမ်ရာစီမံကိန်းအတွက် ထည့်ဝင်မယ့်ငွေကြေးကို အပြည့်အဝ ကောက်ခံရန်မှာလည်း အခက်အခဲဖြစ်ပေါ်နိုင်ပါတယ်။ လက်ရှိအခြေအနေတွင် လူမှုဖူလုံရေး ဥပဒေ အသစ် အသက်ဝင်မှုကာလဟာ မကြာမြင့်သေးသော်လည်း ပြဋ္ဌာန်းဥပဒေများနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုများစွာ ရှိနေပါကြောင်းနဲ့ ရေရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းများမှာ လူမှုဖူလုံရေးရန်ပုံငွေဆုံးရှုံးမှု မရှိစေရန်အတွက် လူမှုဖူလုံရေးအိမ်ရာစီမံကိန်းဟာ အကောင်အထည်ဖော် ဆောင်ရွက်ရန် အခြေအနေအရပ်ရပ်ကို စဉ်းစားသုံးသပ်ဆောင်ရွက်နိုင်မည့် အခြေအနေသို့ ရောက်ရှိချိန်တွင် ဆက်လက်စီစဉ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တစ်ခုတည်းပါပဲခင်ဗျား။ ဒုတိယဝန်ကြီးဖြေကြားသွားတာလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒီ ကျန်းမာရေးစောင့်ရှောက်မှု အာမခံတို့၊ အလုပ်ခွင်ထိခိုက်မှုအာမခံတို့ ဒါတွေက တောက်လျှောက် လူမှုဖူလုံရေးအဖွဲ့ကလည်း စွမ်းစွမ်းတမံ ဆောင်ရွက်နေတာ ကျွန်တော်တို့ သိပါတယ်။တောက်လျှောက်လည်း ဒါတွေလုပ်နေတာပါ၊ အခုက ဒါအသစ်ပါ။ ဒီ Issue က ပြည်ထောင်စုလွှတ်တော်ကြီးပေါ်လာပြီးမှ အသစ် ပေါ်လာတာပါ။ အဲဒီတော့ ဒီဆောင်ရွက်နိုင်တဲ့ အနေအထားတစ်ရပ် ရောက်တဲ့အချိန်မှာ ဆောင်ရွက်ပေးမယ်လို့ ဒီလိုဖြေဆိုသွားတာကို နားလည်ပါတယ်။ ဒါပေမဲ့ ဒါဟာ လုပ်သားထုကြီး တစ်ရပ်လုံးရဲ့ မျှော်လင့်ချက်ဖြစ်နေပါတယ်။ အခုဆို လူမှုဖူလုံရေး Member ဖြစ်တဲ့ လုပ်သားထု(၇) သိန်းကျော်ရဲ့ အိပ်မက်ကြီး ဖြစ်နေပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ဒုတိယဝန်ကြီးအနေနဲ့ ခန့်မှန်းခြေပေါ့၊ ခန့်မှန်းခြေပါ။ Time Frame လေးတစ်ခု၊ ဥပမာ (၃)နှစ်အတွင်း၊ ဒါမှမဟုတ်ရင် (၄)နှစ်အတွင်း၊ (၅)နှစ်အတွင်း စသည်ဖြင့် အဲလိုပိုမိုတိကျတဲ့ ကျွန်တော်တို့ ဒီလိုအချိန်ကာလလေးများ ဖြေဆိုပေးနိုင်မလား ဆိုတာလေးကို ဒါ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ကျွန်မ ဖြေကြားခဲ့ပါတယ်။ လူမှုဖူလုံရေးရဲ့ ဥပဒေအသစ်အရ အာမခံစနစ်(၆)မျိုးမှာ (၃)မျိုးသာ သုံးပါသေးတယ်။ နောက်(၃)မျိုးထဲမှာ ဒီအိမ်ရာစီမံကိန်း ပါပါတယ်။ ဒီတော့ နောက်(၃)မျိုးသုံးမယ့် အခြေအနေဟာ ကျွန်မတို့ ထည့်ဝင်ကြေးနဲ့ဆိုင်ပါတယ်ရှင့်။ ယခုလက်ရှိ အခြေအနေမှာတော့ အလုပ်သမား က(၂)ရာခိုင်နှုန်း၊ အလုပ်ရှင်က(၃) ရာခိုင်နှုန်း၊ နောက်ဥပဒေ(၃)မျိုးသုံးလာရင် အိမ်ရာစီမံကိန်း မပါတာတောင် အလုပ်သမားက (၄)ရာခိုင်နှုန်း၊ အလုပ်ရှင်က (၄)ရာခိုင်နှုန်း၊ အားလုံးပေါင်းလိုက်ရင် (၁၃)ရာခိုင်နှုန်း၊ ဒီတော့အလုပ်သမား တစ်ယောက်ရဲ့ ဝင်ငွေမှာ(၆)ရာခိုင်နှုန်းအထိ တိုးလာတာမျိုး၊ အလုပ်ရှင်ဘက်က ထည့်ဝင်တဲ့နေရာမှာ (၇)ရာခိုင်နှုန်းအထိ တိုးလာတာမျိုးဟာ ကျွန်မတို့ အများကြီးစဉ်းစား ပါတယ်။ အရမ်းကြီးများ ဝန်ထုပ်ဝန်ပိုးဖြစ်သွားသလား။ အလုပ်သမားအတွက်ဖြစ်သလား၊ အလုပ်ရှင် အတွက်ဖြစ်သလား၊ ဒါကိုလည်း စဉ်းစားပါတယ်။ အခု ဒေါက်တာမြတ်ဉာဏစိုး

မေးတဲ့မေးခွန်းရဲ့ အနေအထားမှာ အိမ်ရာစီမံကိန်းဆိုတဲ့နေရာမှာ (၂၅)ရာခိုင်နှုန်းသောငွေကို အမြဲသွင်းရဖို့ လိုလာပါတယ်။ ဒီတော့ကာ ကျွန်မ ပထမတုန်းကလည်း အမျိုးသားလွှတ်တော်ကနေ စာပို့တဲ့အချိန်မှာ (၁၇)ရက်နေ့မှ ကျွန်မကို ဖြေကြားဖို့ ဖိတ်ပါတယ်။ နောက် အကြောင်းကြောင်း မညီညွတ်လို့ ပျက်သွားတယ်တဲ့အခါ မနေ့တုန်းက ၁၈-၂-၂၀၁၅ မှာ ကျွန်မတို့ လူမှုဖူလုံရေးအဖွဲ့ရဲ့ အမျိုးသားအဆင့် အစည်းအဝေး ရှိပါတယ်။

စောများဖြေခဲ့ရရင်တော့ ဒီအဖြေကို ကျွန်မ မပေးနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ မနေ့က ဆွေးနွေးလိုက်တဲ့ အစည်းအဝေးလေးမှာ အလုပ်ရှင်ရော၊ အလုပ်သမားကိုယ်စားလှယ်ရော ဒီကိစ္စကို ထည့်ဆွေးနွေးကြပါတယ်။ အလုပ်ရှင်တွေကလည်း သူတို့အလုပ်သမားတွေအတွက် နေရာထိုင်ခင်းစီစဉ်ပေးဖို့ အလုပ်သမားတွေကလည်း လက်ရှိအခြေအနေထက် ပိုပြီးတော့ နေရာတစ်ခုခုမှာ အဆောင်သော်လည်းကောင်း၊ အနေအထားတစ်ခုခုသော် လည်းကောင်း ငှားရမ်းပြီးတော့ နေထိုင်ရတဲ့ အနေအထားဖြစ်စေလိုတဲ့ ကိစ္စတွေတင်ပြလာတဲ့အခါမှာ ကျွန်မအနေနဲ့ ဆက်လက်ဆွေးနွေးပါ့မယ်ဆိုတဲ့ အခြေ အနေမျိုး ဖန်တီးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက်ဆွေးနွေးပြီးတဲ့ အခြေအနေအရပ်ရပ်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်မစာနဲ့ ပြန်ကြားပါမယ်ရှင်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**နိုင်ငံတော်ပိုင် ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်း စိုက်ကွင်းမှ အကျိုးတူတောင်သူလယ်သမားများအား တစ်ဧကလျှင် စပါး(၁၅)တင်းနှုန်း ငွေကျပ် (၇၅၀၀ဝိ/-) (ခုနှစ်သောင်းငါးထောင်) အစား သနားသက်ညှာသောအားဖြင့် တစ်ဧကလျှင် စပါး(၆)တင်းနှုန်း ငွေကျပ်(၃၀၀၀ဝိ/-) (သုံးသောင်း)နှုန်း ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ပိုလျှံနေသော လယ်ဧက(၁၅၀၀)ခန့်ကို မူလလယ်မြေအသိမ်းခံ တောင်သူများထံသို့ သေချာစိစစ်၍ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက နိုင်ငံတော်ပိုင် ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်း စိုက်ကွင်းမှ အကျိုးတူတောင်သူလယ်သမားများအား တစ်ဧကလျှင် စပါး(၁၅)တင်းနှုန်း ငွေကျပ် (၇၅၀၀ဝိ/-) (ခုနှစ်သောင်းငါးထောင်) အစား သနားသက်ညှာသောအားဖြင့် တစ်ဧကလျှင် စပါး(၆)တင်းနှုန်း ငွေကျပ်(၃၀၀၀ဝိ/-) (သုံးသောင်း)နှုန်း ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပိုလျှံနေသော လယ်ဧက(၁၅၀၀)ခန့်ကို မူလလယ်မြေအသိမ်းခံ တောင်သူများထံသို့ သေချာစိစစ်၍ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်ပုဂ္ဂိုလ်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေခင်ဗျာ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံတော်ပိုင် ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်း စိုက်ကွင်းမှ အကျိုးတူ တောင်သူလယ်သမားများအား တစ်ဧကလျှင် စပါး(၁၅)တင်းနှုန်း ငွေကျပ် (၇၅၀၀ဝိ/-)

(ခုနှစ်သောင်းငါးထောင်)အစား သနားသက်ညှာသောအားဖြင့် တစ်ဧကလျှင် စပါး(၆)တင်းနှုန်း ငွေကျပ်(၃၀၀၀ဝ/-) (သုံးသောင်း)နှုန်း ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပိုလျှံနေသော လယ်ဧက (၁၅၀၀)ခန့်ကို မူလလယ်မြေအသိမ်းခံ တောင်သူများထံသို့ သေချာစိစစ်၍ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဖျာပုံမြို့နယ်၊ ကြက်ဖမွေးဇောင်းကျေးရွာ၊ နိုင်ငံပိုင်စိုက်ကွင်းကို ၁၉၈၂ ခုနှစ်၊ ဧပြီလမှာ စပြီးတော့ ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီလို နိုင်ငံပိုင်စိုက်ကွင်း ဆောင်ရွက်တဲ့အခါမှာ တောင်သူလယ်သမားတွေထံကနေ လယ်ဧကတချို့ကို သိမ်းဆည်းတာရှိခဲ့ပါတယ်။ နိုင်ငံပိုင် စိုက်ကွင်းအဖြစ် သိမ်းဆည်းပြီးတော့လည်း ဆောင်ရွက်ခဲ့တာရှိပါတယ်။ နိုင်ငံပိုင် စိုက်ကွင်းလုပ်မယ်ဆိုပြီးတော့ သိမ်းယူခဲ့စဉ်က တာဝန်ကျေ စပါး မရောင်းခဲ့လို့ မဟုတ်ဘဲနဲ့ မိမိပိုင်လယ်ကို မတရားသိမ်းဆည်းခံလိုက်ရခြင်းဖြစ်ပါတယ်။ အဲဒီကာလက၊ အဲဒီတော့ အဲဒီကာလက မိမိပိုင်လယ်ကို သိမ်းဆည်းသွားကြောင်းကို လယ်သမားတချို့ကနေပြီးတော့ အဲဒီကာလက တာဝန်ယူနေတဲ့ ပုဂ္ဂိုလ်ကြီးများထံကို တိုင်ကြားခဲ့ပါတယ်။

အဲဒီအတွက် စစ်ဆေးရေးအဖွဲ့တွေ လာရောက်တယ်။ အဲဒီလို လာရောက်ပြီး စစ်ဆေးတဲ့အခါမှာ ဦးဆောင်တိုင်ကြားတဲ့လူတွေကို ဖယ်ထုတ်ပြီးတော့ အချို့လယ်သမားတွေကိုတော့ လယ်ယာမြေတွေ ပြန်ပေးလိုက်ပါတယ်။ ဦးဆောင်တိုင်ကြားတဲ့သူတွေတော့ မရလိုက်ဘူးပေါ့။ အဲဒီမှာ ကျွန်တော်တို့ လယ်ယာမြေသိမ်းဆည်းခံရတဲ့သူတွေမှာ ယခုအချိန်ထိကို ကျွန်တော်တို့ မြေယာပိုင်ဆိုင်ကြောင်း အထောက်အထားတွေရှိနေတယ်ဆိုတာကို ဒေသခံပြည်သူတွေကနေ ကျွန်တော့်ဆီ တင်ပြလာတဲ့အတွက် ကျွန်တော်သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနိုင်ငံပိုင် စိုက်ကွင်းကို အခုအခါမှာ စိုက်ကွင်းမှူးအဖြစ် တာဝန်ယူနေတဲ့ ဦးတင်မောင်ဝင်း၊ စိုက်ဌာနမှူး၊ ဦးဝင်းဌေး၊ မြေတိုင်း(၂)ဦး ဖြစ်တဲ့ ဦးအောင်မြတ်၊ ဦးမောင်မောင်စိုး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ နောက်တစ်ခါ ရ.ယ.က ဥက္ကဋ္ဌ ဦးဖိုးကောင်း၊ အဖွဲ့ဝင် ဦးမြလွင်တို့ ကြီးကြပ်တိုင်းတာတဲ့အခါမှာ ကွင်းမှာ ဧရိယာဧက က (၂၂၉၇.၃၉)ဧက၊ အဲဒီမှာမှ မစိုက်ပျိုးနိုင်တဲ့ ချောင်းမြောင်း၊ အင်းအိုင်တွေ၊ အနိမ့်တွေ၊ ချိုင့်ဝှမ်းတွေ၊ နောက်တစ်ခါ ငါးကန်တွေ၊ နောက် ကျွန်တော်တို့ ဒီ ရုံးတွေပေါ့၊ စိုက်ကွင်းပိုင်ရုံးတွေ၊ အဲဒီဧကအတွက်က (၂၀၅.၁၁)ဖြစ်တယ်ဆိုပြီးတော့ စိုက်ပျိုးတဲ့ဧကက အမှန်တကယ်စိုက်ပျိုးတဲ့ဧကက (၂၀၉၂.၂၈)ဖြစ်ကြောင်း ဒီ လက်မှတ်ရေးထိုး ထုတ်ပြန်ထားတဲ့ အထောက်အထားတွေကို နယ်မြေကို ကျွန်တော်ဆင်းတဲ့ အခါမှာ ဒေသခံလယ်သမားတွေက အဲဒီပုဂ္ဂိုလ်တွေကိုယ်တိုင် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုယ်တိုင် လက်မှတ်ထိုးထားတဲ့ အထောက် အထားတွေနဲ့ ကျွန်တော့်ကိုပြသကြပါတယ်။

အခုအခါမှာ နိုင်ငံပိုင်စိုက်ကွင်းကို ဧက (၅၀၀)ပဲစိုက်ပျိုးထားပြီးတော့ ကျန်တဲ့ဧကတွေကိုတော့ အကျိုးတူဒေသခံတောင်သူတွေကို တစ်ဧကကို စပါးတစ်တင်းရယ်၊ ငွေကျပ်(၉၇၀၀) (ကိုးထောင်ခုနှစ်ရာကျပ်) ရယ်ကို ထောက်ပံ့ပေးပါတယ်။ နိုင်ငံတော် ထောက်ပံ့ပေးတယ်။ လယ်သမားတွေက တစ်ခါပြန်ပေးရတာက နိုင်ငံတော်စိုက်ကွင်းကို တစ်ဧကကို စပါး(၁၅)တင်းနှုန်း (တစ်ဆယ့်ငါးတင်း) ပြန်ပြီးတော့ပေးသွင်းရပါတယ်။ အဲဒီတော့ ဒီတောင်သူတွေအနေနဲ့ ဒီပံ့ပိုး ကူညီတဲ့နေရာမှာ နိုင်ငံတော်စိုက်ကွင်းကနေပြီးတော့ အခုပေါက်နေတာက စပါးတစ်တင်းကို ပေါက်ဈေးက (၅၀၀၀)

(ငါးထောင်) ပေါက်ပါတယ်။ အဲဒီတော့ စပါးတစ်တင်းက (၅၀၀၀) ရယ်၊ ခုနက ငွေကျပ် (၉၇၀၀) ရယ် ဆိုတော့ စုစုပေါင်း နိုင်ငံတော်ပံ့ပိုးတာက (၁၄၇၀၀) (တစ်သောင်းလေး ထောင်ခုနှစ်ရာ) ဖြစ်ပါတယ်။ တောင်သူတွေကနေပြီးတော့ နိုင်ငံတော်စိုက်ကွင်းကို စပါး(၁၅)တင်းနှုန်း ပြန်ပေးရတယ် ဆိုတော့ ဒေသပေါက်စျေး (၅၀၀၀)နဲ့ဆိုရင် (၇၅၀၀၀)တောင် ပြန်ပြီးတော့ ပေးဆပ်နေရပါတယ် ခင်ဗျာ။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအတွက် လယ်ယာဦးကြီးတွေက နိုင်ငံတော်ကို ပြန်ပေးရတာက တစ်ဧကကို ကျွန်တော်တို့ခုနက (၁၅)တင်းနှုန်းဆိုတော့ (၇၅၀၀၀)၊ နိုင်ငံတော်က ပံ့ပိုး ပေးတာက စပါးတစ်တင်းနဲ့ ငွေ(၉၇၀၀)ဆိုတော့ စပါးတစ်တင်းက (၅၀၀၀)ဆိုတော့ (၁၄၇၀၀)၊ ပြန် နှုတ်လိုက်တဲ့အခါမှာ အသားတင် (၆၀၃၀၀)ဖြစ်ပါတယ်။ တစ်ဧကအမြတ် ဖြစ်ပါတယ်။ တစ်ဧကကို နိုင်ငံတော်မြတ်တာက (၆၀၃၀၀)ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီမှာ လုပ်နေတာက တောင်သူတွေအနေနဲ့ အကျိုးတူလုပ်တာက (၁၅၀၀)ဧက ဖြစ်ပါတယ်။ အဲဒီတော့ ပြန်တွက်လိုက်တဲ့အခါမှာ သိန်းပေါင်း (၉၀၄၅၀၀၀၀)၊ ဒါနိုင်ငံတော်စိုက်ကွင်းရဲ့ ဧက (၅၀၀)မပါသေးပါဘူး။ အဲဒီပမာဏ ရှိပါတယ်ခင်ဗျား။

အဲဒီတော့ ဒီလိုလုပ်ကိုင်ဆောင်ရွက်နေတဲ့အပိုင်းကို ကျွန်တော့်အနေနဲ့ ဖြစ်စေချင်တာ လေးကို ဒေသခံပြည်သူလူထုရဲ့ တင်ပြချက်အရ ဆွေးနွေးချင်တာက ဒီအချိန်မှာ နိုင်ငံတော်သမ္မတကြီး အနေနဲ့ ဆင်းရဲမွဲတေမှု ပပျောက်ရေးဆိုတာကို ကျွန်တော်တို့ အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေတဲ့ အချိန်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ တစ်နိုင်ငံလုံးကလည်း ဒီအောင်မြင်ဖို့အတွက် ဝိုင်းဝန်းပြီးတော့ ကျွန်တော်တို့ အားပေးနေတဲ့ အချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ ကိုယ်၌ လည်း ဒီအပေါ်မှာ မျှော်လင့်တကြီးနဲ့ စောင့်ကြည့်ပြီးတော့ အားပေးနေတာပါ။ အဲဒီတော့ ဒီလိုမျိုး ဆောင်ရွက်နေတဲ့အချိန် မှာ တောင်သူတွေ ပေးသွင်းရတဲ့ငွေကြေးတွေက အင်မတန်မှ ဝန်ထုပ်ဝန်ပိုးပိပြီး များပြားနေပါတယ်။ တစ်ခါတစ်ရံမှာ တချို့နှစ်တွေမှာဆိုရင် နိုင်ငံတော်စိုက်ကွင်းမှာ လုပ်ကိုင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ မနှစ်က ဆိုရင် ၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ ဒီစပါးတွေပျက်တယ်၊ ပိုးတွေကျတယ်၊ နောက်တစ်ခါ အောင်ရေ တွေ လုံလုံလောက်လောက်မရဘူး၊ စပါးတော်တော်များများပျက်စီးပါတယ်။

ဒါဟာ ကျွန်တော် ဒေသခံတောင်သူလယ်သမားတွေရဲ့ တင်ပြချက်အရ သိရှိရခြင်းဖြစ် ပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့ တောင်သူတွေရဲ့ ဘဝတိုးတက်ရေးအတွက် သက်ညှာစွာနဲ့ လျှော့ပေါ့ပေးသွင်းဖို့ အတွက်လည်း စဉ်းစားဖို့ကို ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီနေရာမှာ ကျွန်တော် စိတ်ပူတာလေး တစ်ခုကိုလည်း ပြန်ပြီးတော့ ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြလိုပါတယ်ခင်ဗျား။ အဲဒီနေရာမှာ ကျွန်တော် ဒီမေးခွန်းနဲ့ဆက်စပ်ပြီးတော့ ကြယ်ပွင့်မပြမေးခွန်းတစ်ခုကို ကျွန်တော်မေးခဲ့ပါတယ်။ အဲဒီအခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးရဲ့ ၂၈-၇-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၂/၄၄၅.(၁-အမသ)/အဖရ(၂၀၁၄)နဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက ဒီကြယ်ပွင့်မပြ မေးခွန်းကို ဝန်ကြီးရုံးကနေပြီးတော့ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီးက ပြန်ဖြေတာလေးတစ်ခုမှာ ကြက်ဖမွေးဇောင်းစိုက်ကွင်းရှိဌာနမှ စိုက်ပျိုးနိုင် မှုမရှိသည့် မြေများအား တောင်သူများသို့ ခွဲဝေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ဆဲဖြစ်ပြီး ကျန်ရှိမည့်မြေ များအား လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဒေသခံတောင်သူများနှင့် အကျိုးတူ ဆက်လက် လုပ်ကိုင်ခြင်းမပြုတော့ဘဲ ဌာနဆိုင်ရာအဖြစ်သာ ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြ

အပ်ပါသည် ဆိုပြီးတော့ ဖြေကြားခဲ့ဖူးပါတယ်။ ဒါကို ကျွန်တော်စိတ်ပူလို့ ဒီနေရာမှာ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကြီးတွေရောက်နေတဲ့အချိန်မှာလည်း ကျွန်တော်တင်ပြချင်ပါတယ်။

ဒါနဲ့ဆက်စပ်ပြီးတော့ ဧရာဝတီတိုင်း ကျွန်တော်တို့ ဒီ ဧရာဝတီတိုင်းဒေသကြီးက စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးဆန်းမောင်က အဲဒီဒေသကိုဆင်းပါတယ်။ ကွင်းဆင်းပါတယ်ခင်ဗျား။ ကွင်းဆင်းတဲ့အခါမှာ ကြက်ဖမွေးဇောင်းကျေးရွာကို ရောက်တယ်။ လွန်ခဲ့တဲ့တစ်ပတ်၊ နှစ်ပတ်ကရောက်ပါတယ်။ ရောက်တဲ့အခါမှာ ဒေသခံလယ်သမားကြီးတွေရယ်၊ စိုက်ကွင်းက တာဝန်ရှိတဲ့သူတွေရယ် ခေါ်ပြီး တွေ့ပါတယ်။ ဒီတာဝန်ရှိတဲ့ပုဂ္ဂိုလ်ကြီးအနေနဲ့ ဝန်ကြီးတစ်ယောက်အနေနဲ့ ခေါ်တွေ့ပါတယ်။ ခေါ်တွေ့တဲ့ အခါမှာ ဒီနိုင်ငံတော်စိုက်ကွင်းပိုင် လုပ်နေတဲ့ဧက(၅၀၀)က မြက်တွေချည်းပဲ ပေါက်နေ တယ်တဲ့ ပြောပါတယ်။ ဒေသခံတွေက၊ စိုက်ကွင်းကလည်း ဝန်ခံတယ်၊ မြက်တွေချည်းပေါက်နေတယ်၊ အရှုံးပြနေတယ်၊ ဒေသခံတောင်သူတွေနဲ့ အကျိုးတူစိုက်ပျိုးတဲ့ ဒီစိုက်ဧက ဒီမှာတော့ ကျွန်တော် တွက်ချက်တဲ့ဟာတော့ (၁၅၀၀)ပေါ့၊ ဒါပေမဲ့ ပြန်ရှင်းပြထားတာတော့ (၁၃၀၀)ပေါ့၊ အဲဒီမှာ ရှင်းတာတော့ ဝန်ကြီးကို သက်ဆိုင်ရာ ဒီစိုက်ပျိုးရေးတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက ရှင်းတာတော့ (၁၃၀၀)လို့ ပြောပါတယ်။

ကျွန်တော်ဒီမှာတော့ စာရင်းဇယားတွေနဲ့ ဒီတိကျတဲ့ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်တွေ အရဆိုရင်တော့ (၁၅၀၀)ကျန်မှာပေါ့၊ အဲဒီတော့ ဒီ(၁၃၀၀)ကနေပြီးတော့ အမြတ်များစွာရနေပါတယ်။ ဒေသခံလယ်သမားကြီးတွေကနေပြီးတော့ တင်ပြကြပါတယ်။ အဲဒီအခါမှာ စိုက်ကွင်းမှာရှိတဲ့ တာဝန်ရှိသူတွေကလည်း ဟုတ်ပါတယ် ဆိုတဲ့ အကြောင်းကို ဝန်ကြီးရှေ့မှာ ဝန်ခံကြပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကိုလည်း ကျွန်တော့်ကို မဲဆန္ဒရှင် ပြည်သူတွေကနေ ပြန်ပြီးတော့ သူတို့ သွားရောက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကနေ ပြန်ပြီးတော့ ပြောပြချက်အရ ကျွန်တော် သိရှိရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီနိုင်ငံတော်စိုက်ကွင်းကနေပြီးတော့ လုပ်နေတာရှုံးနေတယ်။ နိုင်ငံတော်ကနေ လုပ်နေတာရှုံးနေတယ်။ ဒါကို ဘာလို့များ ဆက်ပြီးတော့ ကျွန်တော်တို့ လုပ်တော့မလဲ၊ ဒေသခံလယ်သမားတွေ၊ လယ်သိမ်း၊ ယာသိမ်းခံရတဲ့လယ်သမားတွေကို ခွဲဝေချထားပေးလိုက်မယ်ဆိုရင် ဒေသခံလယ်သမားတွေလည်း ကျေနပ်ကြမယ်။ အဲဒီနေရာမှာ ခုနက အသိမ်းဆည်းခံရတဲ့ လယ်သမားတွေရဲ့ အထောက်အထားတွေ ရှိနေသေးတဲ့ ဂရန်တွေ ပိုင်ဆိုင်နေတဲ့ ပုဂ္ဂိုလ်တွေကိုများ ဒါလေးကို ပြန်ပေးလိုက်မယ်ဆိုရင် ဒေသခံလယ်သမားတွေအတွက်လည်း အင်မတန် မှ ကျေနပ်ပီတိတွေဖြစ်ကြမယ်။ နိုင်ငံတော်အတွက်လည်း ဒီပုဂ္ဂိုလ်တွေဆီကနေ ကျွန်တော်တို့ ဝင်ငွေ တွေရမယ်။ နိုင်ငံတော်အတွက်လည်း ခုနကောက်ခံထားတဲ့ ငွေကြေးအရ ပြန်ရမယ်။

အဲဒီအခါ ဒါဟာ တကယ်တမ်းပြောရရင်တော့ သားရွှေအိုးထမ်းတဲ့ ကိန်းပါပဲ၊ ကျွန်တော်လည်း ဒီဟာနဲ့ပတ်သက်ပြီး စဥ်းစားပါတယ်။ ငါသာ ဒီနေရာမှာ လုပ်ရမယ်၊ လုပ်ပိုင်ခွင့်ရှိမယ်၊ လုပ်ခွင့်ရမယ် ဆိုရင် ဘယ်လိုစဥ်းစားမလဲပေါ့၊ ဘယ်လိုလုပ်မလဲပေါ့၊ ကျွန်တော်အမျိုးမျိုး စဥ်းစားကြည့်တော့ ကျွန်တော် စဥ်းစားသမျှတော့ ဒီအဖြေတစ်ခုပဲရတယ်။ ဘက်ပေါင်းစုံကနေ စဥ်းစားကြည့်တာ၊ ဒါ ဒီထက်ပိုကောင်းတဲ့အဖြေတွေတော့ ရကောင်းရနိုင်ပါတယ်၊ ကျွန်တော့်အနေနဲ့တော့ ဒီဟာလေးကိုတော့ ဖြစ်စေချင်တာလေးကို ကျွန်တော့်အနေနဲ့တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ဒီအချက်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်စိုက်ကွင်းက ဧက(၂၀၀၀) နီးပါးထဲက နေပြီးတော့ ဧက(၅၀၀)ကို စိုက်ပျိုးဆောင်ရွက်နေတယ်။ ဒါဟာလည်း ခုနအောင်မြင်မှုမရှိဘူး။ အရှုံးပြနေတယ်။ ကျန်တဲ့ဧက

(၁၅၀၀)ခန့်ကိုလည်း လယ်မြေသိမ်းခံရတဲ့ တောင်သူတွေကို သက်ညှာသနားတဲ့အနေနဲ့ ပြန်လည်စွန့်လွှတ်ပေးပါလို့ ကျွန်တော့်အနေနဲ့ ဒေသခံ ဒီ လယ်ယာဦးကြီးတွေရဲ့ ကိုယ်စား တင်ပြချင်ပါတယ်။ အဲဒီတော့ လွှတ်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းအနေနဲ့ကတော့ နိုင်ငံတော်ပိုင် ကြက်ဖမွေးဖောင်း စိုက်ကွင်းမှ အကျိုးတူ တောင်သူလယ်သမားများအား သက်ညှာသနားသောအားဖြင့် တောင်သူများထံမှ ယခုကောက်ခံနေတဲ့ တစ်ဧကစပါး(၁၅)တင်းနှုန်း ဒေသပေါက်ဈေးနဲ့ တွက်ချက်မယ်ဆိုရင် (၇၅၀၀၀)အစား တစ်ဧကကို စပါး(၆)တင်းနှုန်းခန့် တန်ဖိုးအားဖြင့် ငွေကျပ် (၃၀၀၀၀)နှုန်းနဲ့ ပြန်လည်ပြင်ဆင်ပေးသွင်းနိုင်ရန် အစီအစဉ် ရှိ/မရှိ နောက်တစ်ခုက ဒီနှစ်အတွက် နိုင်ငံပိုင် စိုက်ကွင်းအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေတွေကို နိုင်ငံတော်ကို ဘယ်လောက်ထိ ပေးသွင်းပြီးပြီလဲ ဆိုတာလေးကိုလည်း သိချင်ပါတယ်။

နောက်ဆုံးအချက် တစ်ခုအနေနဲ့ကတော့ နိုင်ငံပိုင် စိုက်ကွင်းအနေနဲ့ ဧက (၅၀၀) စိုက်ပျိုးလုပ်ကိုင်မယ်ဆိုပြီးတော့ ပြောထားတဲ့အတွက် ကျန်တဲ့ပိုနေတဲ့ လယ်ဧက(၁၅၀၀)ခန့်ကို မူလ လယ်ယာမြေအသိမ်းခံရတဲ့ တောင်သူတွေကို သေချာစိစစ်ပြီးတော့ နောက်တစ်ခုက ဒေသမှာလည်း ခုနကပြောသလိုပေါ့နော် ဆင်းရဲနွမ်းပါးတဲ့ပုဂ္ဂိုလ်တွေကို သေချာစိစစ်ပြီးတော့ ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း ရှိ/မရှိကို မဲဆန္ဒရှင်တောင်သူလယ်သမားကြီးများရဲ့ ကိုယ်စား အပြုသဘောနဲ့ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၆။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကြက်ဖမွေးဖောင်းကျွန်းကို စပါး(၁) စီမံကိန်းနဲ့ ပင်လယ်ဆားငံရေဝင်သော မြေရိုင်းများအား ကျွန်းပတ်တာနှင့် ရေတံခါးများ တည်ဆောက်ပြီး စိုက်ပျိုးမြေ ဖော်ထုတ်ခဲ့သည့် ကာလကတည်းက ကြယ်ဖမွေးဖောင်းစိုက်ကွင်းကို စတင်ဖွင့်လှစ်၍ လုပ်ငန်းများ အကောင်အထည် ဖော်ခဲ့ပါတယ်။ စိုက်ကွင်းစတင်ဖွင့်လှစ်စဉ်က စုစုပေါင်းဧရိယာ (၆၀၀၀)ဧက ရှိပြီး ဒေသခံလုပ်ကိုင်နိုင်ခြင်းမရှိတဲ့ ဧရိယာများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် မြေရိုင်းဖော်ထုတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်၌ ဒေသခံတောင်သူများအား ခွဲဝေပေး

နိုင်ရေးအတွက် နိုင်ငံတော်သို့ပြန်လည်အပ်နှံခဲ့ခြင်းကြောင့် ၂၀၁၄ခုနှစ် ကြယ်ဖမွေးဇောင်းစိုက်ကွင်း မှာ နိုင်ငံပိုင်လယ်ယာမြေ မှတ်ပုံတင် ပုံစံ ၇ ရရှိပြီးဖြစ်တဲ့ ဧရိယာဟာ (၁၉၇၂.၉၉)ဧကသာ ကျန်ရှိ ပါတယ်။ လယ်ယာမြေ ပုံစံ(၇) ရရှိထားတဲ့ တိုင်းတာရရှိတဲ့ ဧကဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖော်ပြထားတဲ့ (၂၂၉၇.၃၉)ဧကသည် ကျေးရွာ သမဝါယမပိုင် ဧရိယာများအား နိုင်ငံပိုင် စိုက်ကွင်းဧရိယာ၌ သက်ဆိုင်ရာမြို့နယ်က ထည့်သွင်းဖော်ပြ ထားခြင်း ဖြစ်ပါတယ်။ (၁၉၇၂.၉၉)ဧကအနက် စိုက်ပျိုးနိုင်တဲ့ ဧရိယာ (၁၈၀၀)ဧက ဖြစ်ပြီး မစိုက်ပျိုး နိုင်တဲ့ ဧရိယာက (၁၇၂.၉၉)ဧက ဖြစ်ပါတယ်။ ယခင် အစဉ်အဆက်အားဖြင့် ဌာနမှ (၅၀၀)ဧက စိုက်ပျိုးပြီး ဒေသခံတောင်သူများသို့ တစ်ဧကလျှင် မျိုးစပါး(၁)တင်းနဲ့ စိုက်ပျိုးစရိတ် ချေးငွေ (၉၇၀၀) ကျပ် ထုတ်ပေးတဲ့စနစ်ဖြင့် အကျိုးတူ (၁၃၀၀)ဧက ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မှာ ဝန်ထမ်း လစာစရိတ်အပါအဝင် ထုတ်လုပ်မှုစရိတ်၊ စီမံခန့်ခွဲမှုစရိတ်များကို ကာမိပြီး နိုင်ငံတော်သို့ ငွေကျပ် သိန်းပေါင်း(၉၃၆.၉၈)သိန်း ပေးသွင်းခဲ့ပြီး ဖြစ်ပါတယ်။ လာမယ့် ၂၀၁၅-၂၀၁၆ စိုက်ပျိုးရာသီ မှစပြီး ဝန်ကြီး၏ လမ်းညွှန်ချက်အရ ဒေသခံ တောင်သူများနှင့် အကျိုးတူ ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ဘဲ ဌာနစိုက်ကွင်း စိုက်ကွက်ဝန်ထမ်းများမှ အကောင်အထည်ဖော် ဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ သက်ဆိုင်ရာအတွက် ဘတ်ဂျက်လည်းပဲ တောင်းဆိုရရှိထားပြီး ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက် ရခြင်းမှာ ဧရာဝတီတိုင်းအတွင်း လိုအပ်တဲ့မျိုးများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံပိုင် စိုက်ကွင်းခြံများကို တည်ထောင်ရခြင်း ဖြစ်ပါတယ်။ ဒီကနေ့နိုင်ငံပိုင် စိုက်ကွင်းခြံများကို တည်ထောင်ရ ခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ သက်ဆိုင်ရာဒေသမှာရှိတဲ့ ကိုက်ညီတဲ့မျိုးများကို မျိုးထုတ်လုပ်ပေး ဖို့နဲ့ တောင်သူများကို နည်းပညာပေးဖို့အတွက် နိုင်ငံပိုင် ခြံစိုက်ကွင်းများကို ဒီနေ့ အစိုးရအနေနဲ့ တည်ထောင်ထားရခြင်းဖြစ်ပါတယ်။ အရှုံးအမြတ်စနစ်နဲ့အစား တောင်သူများ အကျိုးရှိမယ့် မျိုးများကို ထုတ်လုပ်ပေးနိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ ခြံစိုက်ကွင်းများကို တည်ထောင်ထားရခြင်းဖြစ်ပါ တယ်။ ဌာနမှ စိုက်ပျိုးမှု မရှိတဲ့ မြေ(၆၄၀)ဧကကို ဒေသခံတောင်သူများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စွန့်လွှတ်ပေးနိုင်ရေးအတွက်သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ဗဟို လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့က ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သို့ ၁၅-၇-၂၀၁၄ ရက်စွဲပါ စာအမှတ် ၁၂/လယ၁၈/ (၁၂၄ /၂၀၁၄)ဖြင့် အကြောင်းကြား လွှဲအပ်ခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ ဖျာပုံခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဟာ စွန့်လွှတ်မြေများအား တောင်သူများသို့ လွှဲပြောင်းပေးနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံး ကျေးဇူးတင် ပါတယ်။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့။ အခုလိုမျိုး ပြည့်ပြည့်စုံစုံ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ဒုတိယဝန်ကြီးအနေနဲ့ ပြန်လည်ဖြေကြားပေးတာကို ကျေးဇူး များစွာတင်ရှိရပါတယ်။ ဒီနေရာမှာကျွန်တော် မေးထားတဲ့ မေးခွန်းလေးတစ်ခု ကျန်ခဲ့မယ်လို့ ထင်ပါ တယ်။ အဲဒါကတော့ ကျွန်တော်ခုနက ပြောသလို ခုန ပြောတဲ့ (၂၀၀၀)ဧကဆိုရင်တော့ နိုင်ငံတော်ပိုင် စိုက်ကွင်းက (၁၅၀၀)ဖြစ်သွားမယ် ခုတော့ (၁၃၀၀)ပေါ့၊ နိုင်ငံတော်စိုက်ကွင်းက (၅၀၀)စိုက်တယ်၊ အကျိုးတူ တောင်သူတွေနဲ့ အလုပ် လုပ်တာက (၁၃၀၀)၊ (၁၃၀၀) ဆိုတော့ ကျွန်တော်တို့ ခုနက ပြောတဲ့ တောင်သူတွေ ပြန်ပြီး ပေးသွင်းတဲ့ ငွေကြေးပမာဏ တစ်ဧကအမြတ် (၆၃၀၀)ပေါ့။ အားလုံး နုတ်ပြီး (၆၃၀၀) နဲ့ မြှောက်လိုက်တဲ့အခါမှာ ဧက (၁၃၀၀) အတွက်ဆိုရင် အားလုံးပေါင်း (၇၈၃)သိန်း

(၉)သောင်းရပါမယ်။ အဲဒီတော့ ဒီငွေကြေးပမာဏသည် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ဘယ်လောက်ဝင်လဲ မဝင်လဲ အဲဒါလေးကိုလည်း တစ်ချက်သိချင်ပါတယ်။ နောက်တစ်ခုက တစ်ခုလေး စဉ်းစားဖို့အတွက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကနေပြီးတော့မှ ပြန်ပြီးတော့ စဉ်းစားပေးစေချင်ပါတယ်။ အဲဒါလေးများ ဖြစ်နိုင်မယ်ဆိုရင် ခုနက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးကိုယ်တိုင် ဆင်းသွားတဲ့အခါမှာ စိုက်ကွင်းက ပုဂ္ဂိုလ်တွေရော သက်ဆိုင်ရာ နယ်မြေခံတောင်သူလယ်သမား ဦးကြီးတွေကရော တွေ့တဲ့အချိန်မှာ စိုက်ကွင်းမှာ လုပ်နေတာတွေက ရှုံးနေပါတယ်။ ဒီစိုက်ကွင်းက လုပ်တဲ့ ဥစ္စာတွေက မြက်တွေပဲပေါက်နေပြီးတော့ ဘာမှလည်း အကျိုးအမြတ် မဖြစ်ဘူး။ ဒေသခံတောင်သူတွေနဲ့ အကျိုးတူစီးပွား လုပ်တဲ့ ငွေကြေးတွေနဲ့သာလျှင် အကျိုးအမြတ်တွေ ရနေတာပါ ဆိုတာကို အားလုံးကလည်း ဝန်ခံကြ တယ်။ ဝန်ကြီးကိုယ်တိုင်လည်း ဒါကို သိရှိခဲ့တယ်။

အဲဒီတော့ ဒီအပြေပေါ်မှာတော့ စဉ်းစားတဲ့အခါမှာ ဒေသခံတောင်သူလယ်သမားတွေ အကျိုးရှိမယ့် ဖြစ်ရပ်ဖြစ်စဉ်ကို ကျွန်တော်တို့ ဦးစားပေးစေချင်ပါတယ်။ နောက် ဒေသခံ လယ်သမားတွေအနေနဲ့လည်း ဒီလိုမျိုး နိုင်ငံတော်ပိုင် စိုက်ကွင်းတွေနဲ့ ပြန်လုပ်ကိုင်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေအနေနဲ့ အလုပ်လက်မဲ့တွေ အများကြီး ဖြစ်သွားနိုင်ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့က ခုနက နိုင်ငံတော်သမ္မတကြီးရဲ့ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး ဆောင်ရွက်နေတဲ့ ရည်ရွယ်ချက်တွေကိုပါ ပျက်ပြားသွားစေပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ဒါလေးတစ်ချက်ကိုတော့ သေသေချာချာလေး ကျွန်တော်တို့ စဉ်းစားပြီးတော့ ဒေသခံ တောင်သူလယ်သမားတွေ အကျိုးရှိမယ့် ဘက်ကို ဦးတည်ပြီးတော့ အဲဒီဘက်ကို အများဆုံးစဉ်းစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင် ခုနက နိုင်ငံတော်အတွက်လည်း အကျိုးရှိမယ်။ နိုင်ငံတော်ဘဏ္ဍာငွေတွေလည်းဝင်မယ်။ ဒေသခံ တောင်သူလယ်သမားတွေအနေနဲ့လည်း အလုပ်အကိုင် ပြဿနာတွေကို ဖြေပျောက်ပေးနိုင်သမျှ ဖြေပျောက်သွားလိမ့်မယ်။ နောက်တစ်ခါ ကျွန်တော်တို့ ပိုလျှံနေတဲ့လယ်တွေကို အရင် သိမ်းဆည်းခံရတဲ့ ဂရန်မြေပေါက်တွေ ရှိနေတဲ့ ပုဂ္ဂိုလ်တွေကို ပြန်ပေးလိုက်မယ်ဆိုရင် ဒါဟာ ပြဿနာတော်တော်များများကိုလည်း ဖြေရှင်းနည်းဖြစ်နိုင်တဲ့အတွက် ဒီအပေါ်မှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဒါကို စဉ်းစားပေးပါလို့ လေးလေးနက်နက်လေး ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စောစောက ဖြေကြားခဲ့တဲ့အထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ အကျိုးတူ လုပ်တဲ့ ဧကတွေအပါအဝင် ကျွန်တော်တို့ ကြက်ဖမွေးဇောင်းစိုက်ကွင်းကနေပြီးတော့ ဝန်ထမ်းစရိတ်၊ လစာစရိတ်၊ ထုတ်လုပ်မှုစရိတ်၊ စီမံခန့်ခွဲမှုစရိတ် အားလုံးကို ကျွန်တော်တို့ ကာမိတဲ့အပြင်မှာ နိုင်ငံတော်ကို ကျပ်သိန်းပေါင်း (၉၃၆.၉၈)သိန်းကို နိုင်ငံတော်ဘတ်ဂျက်ထဲကို သွင်းထားပြီး ဖြစ်ပါတယ်။ ဒါလေးကတော့ စောစောက မေးတဲ့ ငွေဘယ်လောက်သွင်းလဲဆိုတဲ့ အချက်လေးဖြစ်ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့ စိုက်ကွင်းအပေါ်မှာ ဒီနေ့ တောင်သူလယ်သမားတွေကို ပြန်လည်လွှဲပြောင်းဖို့အတွက် ဧက(၆၄၀)ဧကကို ပြည်ထောင်စုဗဟို လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ကနေပြီးတော့ ဌာနအနေနဲ့ ဒါကိုပြန်လွှဲပေးမယ်ဆိုပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီး လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ကို လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်း လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အနေနဲ့လည်း သက်ဆိုင်ရာအဆင့်ဆင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တွေကနေ ဆင့်ကဲဆင့်ကဲ သူတို့ စီမံကွပ်ကဲပြီးတော့ လွှဲပြောင်းပေးချသွားမှာ ဖြစ်ပါတယ် လာမယ့်နှစ်။

နောက်တစ်ခုက ကျန်ရှိတဲ့ဧကကို ဌာနပိုင် စိုက်ကွင်းအဖြစ်နဲ့ ဆောင်ရွက်ရတဲ့ အဓိက ရည်ရွယ်ချက်က ကျွန်တော်လည်း စောစောက ရှင်းပြထားပြီး ဖြစ်ပါတယ်။ နောင် ရေရှည်အတွက် နိုင်ငံတော်အတွက် ဌာနပိုင် မြေ၊ ခြံတွေဟာ ရရှိဖို့အတွက် အင်မတန် ခက်ပါတယ်။ လက်ရှိ လယ်ယာမြေဥပဒေအရပဲ ကြည့်ကြည့် နောင်ဖြစ်ပေါ်လာမယ့် အနေအထားပဲဖြစ်ဖြစ် ဌာနပိုင်ခြံ စိုက်ကွင်းတွေ သက်ဆိုင်ရာတိုင်းနဲ့ ပြည်နယ်အလိုက် ရေမြေသဘာဝပေါ် မူတည်ပြီးတော့ နိုင်ငံတော်ပိုင် ခြံတွေ ရှိထားမှသာလျှင် (၁) သက်ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းနဲ့ သော်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်တွင်းက ကျွန်တော်တို့ လိုအပ်ချက်ဖြစ်တဲ့ မျိုးစမ်းသပ်မှုတွေ၊ မျိုးထုတ်လုပ်မှုတွေ၊ နောက်တစ်ခါ သက်ဆိုင်ရာ နည်းပညာတွေကို စမ်းသပ်မှုတွေဆိုတဲ့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေ ကျွန်တော်တို့က မျိုးလိုအပ်ချက် စတဲ့ Technology တွေကို ကျွန်တော်တို့ နိုင်ငံပိုင် စိုက်ကွင်းတွေ ရှိမှသာလျှင်၊ နိုင်ငံပိုင် ခြံတွေရှိမှသာလျှင် ကျွန်တော်တို့က နောင် ရေရှည်အတွက် မျိုးစေ့ ဥပဒေ နဲ့အညီ ကျွန်တော်တို့ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ဒီနေ့မျိုးစေ့ဥပဒေဟာလည်းပဲ ပြည်ထောင်စု လွှတ်တော်ကနေ ပြီးတော့ အတည်ပြုပြဋ္ဌာန်းဖို့ နိုင်ငံတော်အစိုးရအဖွဲ့ကိုလည်း ဒီဥပဒေနဲ့အညီ ဆောင်ရွက်နိုင်အောင်ဆိုရင် တောင်သူတွေအကျိုးအတွက် ကျွန်တော်တို့က ခြံမြေတွေကို ယူထားရခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်က စီးပွားရေး လုပ်ဖို့အတွက် ယူထားတာ မဟုတ်ဘူးဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ သိရှိနိုင်အောင် ရှင်းလင်းတင်ပြအပ်ပါတယ်။

ဖျာပုံခရိုင်အနေနဲ့ ပြန်ကြည့်မယ်ဆိုရင်လည်း အဓိကခြံစိုက်ကွင်း ရှိတာဟာ ကျွန်တော်တို့က ဖျာပုံမြို့နယ်မှာပဲ ရှိတာဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့ ဖျာပုံပေါ်ဆန်းလို ဟာမျိုးကို စမ်းသပ်ဖို့တို့ နောက်မျိုးထုတ်ဖို့လို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပေါ်ဆန်းမျိုးတွေ လိုအပ်လာလို့ ရှိရင်လည်း ဒီလိုစိုက်ကွင်းတွေ ခြံတွေရှိမှသာလျှင် နိုင်ငံတော်က တောင်သူတွေအတွက် အကျိုးပြု နိုင်မှာဖြစ်မှာပါ။ အထူးသဖြင့်လည်း ဒီနေ့တောင်သူတွေအတွက် ထုတ်ပေးနေရတဲ့ မျိုးတွေကို ထုတ်ပေးနေတာ ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုပါတယ်။ လောလောဆယ်အားဖြင့်တော့ ရှိတဲ့ဧက ထဲကနေ (၆၄၀)ဧကကိုတော့ လွှဲပေးဖို့ဆိုတာ ကျွန်တော် စောစောကလည်း တင်ပြပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ ဧက (၁၀၀၀)လေးကိုတော့ လောလောဆယ်ဌာနအနေနဲ့ ဆက်လက်ထိန်းထားပြီးတော့ မျိုးကို ဆက်လက်ထုတ်သွားမှာ ဖြစ်တဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး သုတေသနခြံတွေကတော့ အမှန်တကယ် လိုအပ်ပါတယ်။ အောင်မြင်အောင် ဆောင်ရွက်ဖို့ပဲ လိုတာပါ၊ အောင်မြင်အောင် ဆောင်ရွက်ဖို့ စိုက်ပျိုးရေးသုတေသန မရှိလို့ရှိရင် ဒီစိုက်ပျိုးရေးက တိုးတက်စရာ အကြောင်းမရှိဘူး။ အဲဒီတော့ မျိုးစပါးထုတ်လုပ်ဖို့ ဒါ သိပ်ပြီးအရေးကြီးတဲ့ကိစ္စပဲ။ သို့သော် ခုန မြက်တွေချည်းပဲ ဖြစ်နေတယ်ဆိုတာမျိုး မဖြစ်အောင် တကယ် ထိထိရောက်ရောက် အောင်မြင်အောင်တော့ လုပ်ဖို့ လိုပါတယ်။ မြေဦးထားတဲ့ သဘောပဲ မဟုတ်ဘဲနဲ့ လုပ်ငန်းကို တကယ် ရှုံးတာ၊ မြတ်တာ အကြောင်း မဟုတ်ပါဘူး။ ငွေရေးကြေးရေးက ပဓာန မဟုတ်ဘူး။ နိုင်ငံတော်အတွက် အကျိုးကျေးဇူးရေရှည်မှာ ကြီးမားဖို့ အဓိကပေါ့။ ဒါကို သဘောပေါက်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ ကျန်ရှိတဲ့ မေးခွန်းများကို ဆက်လက်ဆောင်ရွက်ခွင့်ပြုဖို့ လွှတ်တော်ကို ခွင့်တောင်းခံအပ်ပါတယ်။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများ ဟာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၏ ဆက်သွယ်ရေးလုပ်ငန်းများ နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၏ ဆက်သွယ်ရေးလုပ်ငန်းများနဲ့ စပ်လျဉ်း၍သိရှိလိုတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၏ ဆက်သွယ်ရေးလုပ်ငန်းများနဲ့ ပတ်သက် ပြီးတော့ မေးမြန်းခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းတွေကတော့ (က)မှာ အိန္ဒိယချေးငွေ ဒေါ်လာသန်း(၁၀၀)ဖြင့် မြန်မာ-အိန္ဒိယ နယ်စပ် တစ်လျှောက် ရခိုင် ပြည်နယ်မှ ချင်းပြည်နယ်မြောက်ပိုင်းအထိ ဆက်သွယ်ရေးဆက်ကြောင်း တာဝါတိုင်များ ဆောက်လုပ် ဆောင်ရွက် ရန် အစီအစဉ် ရှိ/ မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် ဆောင်ရွက်နိုင်မည်နည်း၊ (ခ)မှာ Telenor နဲ့ Oredoo ၏ လိုင်စင်စည်းကမ်းများ ဖြစ်သော ငါးနှစ်အတွင်း မြန်မာနိုင်ငံမြို့များ အားလုံး လွှမ်းခြုံ နိုင်အောင် ဆောင်ရွက်ရေးတွင် ချင်းပြည်နယ် မြို့များသို့ ဆက်သွယ်ရေး ဆက်ကြောင်းများ မည်သည့်

အချိန်တွင် ဆောင်ရွက်နိုင်မည်နည်း။ ဆောင်ရွက်နိုင်သည့်အချိန်တွင် အိန္ဒိယနယ်စပ်မြို့ ဖြစ်သော ရိခေါဒါရ်မြို့အထိဆောလျင်စွာ ဆက်သွယ်ရေးဆက်ကြောင်း ဆောက်လုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ (ဂ) ဖလမ်းမြို့တွင် CDMA 800 နှင့် CDMA 450 ရရှိနိုင်ရန် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ၊ E1များ တိုးချဲ့ တပ်ဆင်နိုင်ခြင်း ရှိ/ မရှိ ဥက္ကဋ္ဌကြီးခင်ဗျား။ E1 နည်းလို့ ဖလမ်းမြို့ ဆက်သွယ်ရေးမှာ အဝင်အထွက်က ကြပ်လွန်းတဲ့အတွက်ကြောင့် ဆက်သွယ်ရတာ အင်မတန်ခက်တယ်လို့ သိရပါတယ်။ အဲဒါကြောင့် E1 များ တိုးချဲ့တပ်ဆင်နိုင်ခြင်း ရှိ/မရှိ၊ ပြီးတော့ ကြိုးဖုန်းတွေကလည်း အင်မတန်မှ ဟောင်းနွမ်းနေပြီ ဖြစ်တဲ့အတွက်ကြောင့် ခဏခဏပျက်ပြီးတော့ ပြင်ရင်လည်း ခဏခဏ ပြန်ပျက်နေပါတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် ကြိုးဖုန်းများ ပြင်ဆင်ရန် အစီအစဉ် ရှိ/မရှိ၊ အ.ထ.က(၁) ဘောလုံးကွင်းနားတွင် တည်ဆောက်လျက်ရှိသော တာဝါတိုင်မှာ စတင် ဆောက်လုပ်ချိန် ကြာမြင့်နေပြီ ဖြစ်သော်လည်း ယနေ့အထိ အသုံးမပြုနိုင်ခြင်းသည် အဘယ်ကြောင့်နည်း ဆိုသည့် မေးခွန်းများ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပလက်ဝမြို့နယ်တွင် အင်တာနက်ပါ အသုံးပြုနိုင်သော GSM တယ်လီဖုန်းများ တပ်ဆင်ခွင့် ရရှိနိုင်ရေး နှင့် ရခိုင်ပြည်နယ် ဆက်သွယ်ရေးကွန်ယက်မှ ချိတ်ဆက် အသုံးပြုနိုင်ရေးကို ၂၀၁၅ ခုနှစ် မကုန်မီ ဆောလျင်စွာ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် က ပလက်ဝမြို့နယ်တွင် အင်တာနက်ပါ အသုံးပြုနိုင်သော GSM တယ်လီဖုန်းများ တပ်ဆင်ခွင့် ရရှိနိုင်ရေး နှင့် ရခိုင်ပြည်နယ် ဆက်သွယ်ရေးကွန်ယက်မှ ချိတ်ဆက် အသုံးပြုနိုင်ရေးကို ၂၀၁၅ ခုနှစ် မကုန်မီ ဆောလျင်စွာ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပလက်ဝမြို့နယ်တွင် အင်တာနက်ပါ အသုံးပြုနိုင်သော GSM တယ်လီဖုန်းများ တပ်ဆင်ခွင့် ရရှိနိုင်ရေး နှင့် ရခိုင်ပြည်နယ် ဆက်သွယ်ရေး ကွန်ရက်မှ ချိတ်ဆက်အသုံးပြုနိုင်ရေးကို ၂၀၁၅ ခုနှစ် မကုန်မီ ဆောလျင်စွာ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဆလိုင်းခွဲယန် မှ ပလက်ဝမြို့နယ်ရဲ့ တယ်လီဖုန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းသော ကြယ်ပွင့်ပြမေးခွန်းကို တင်ပြမေးမြန်းခဲ့ရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြောက်ဦးပို့င့် ၂၃၂-ပို့င့် ၁၁၄၀-ပလက်ဝ GbE မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း တည်ဆောက်ပေးမည် ဖြစ်ပြီး စက်မှုအဆောက်အဦများ တည်ဆောက်ခြင်း၊ တာဝါတည်ဆောက်ခြင်း လုပ်ငန်းများ

ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိန္ဒိယချေးငွေဖြင့် ရိဒ်-သီရိဥတ္တမတောင် ဟားခါး-မတူပီ-မင်းတပ် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းကိုလည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများ တည်ဆောက်ပြီးစီးပါက မင်းတပ်ခရိုင်၊ ပလက်ဝမြို့နယ်တွင် GSM၊ WCDMA မိုဘိုင်းဖုန်းများ တပ်ဆင်ပေးရေး၊ ဆမီးမြို့နှင့် အိန္ဒိယ-မြန်မာ အဝေးပြေးကားလမ်း ဖြတ်သန်းမည့် ကျေးရွာများတွင် တယ်လီဖုန်းဆက်သွယ်မှု ရရှိနိုင်ရေးတို့အတွက် ဦးစားပေးအလိုက် ဆက်လက်စီစဉ် ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။

ယခုအချိန်မှာတော့ စက်မှုအဆောက်အဦများ၊ တာဝါတည်ဆောက်ခြင်းများ ဆောင်ရွက်ပြီးစီး ပြီးတော့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ပလက်ဝမြို့ မိုက္ကရိုဝေ့ဗ်စခန်း စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ ပြီးတော့ CDMA (450)ဖုန်းလိုင်း မိုက္ကရိုဝေ့ဗ်လိုင်းမှ စတင်အသုံးပြုခဲ့ပြီးတော့ ပလက်ဝမြို့ အော်တို အိတ်ချိန်းကိုလည်း စတင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်ရဲ့ ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်လို့ e-Government ကို ဦးတည်ဆောင်ရွက်နေတာ အားလုံးလည်း အသိပဲဖြစ်ပါတယ်။ အဲဒီတော့ e-Government ကို ချီတက်ဆောင်ရွက်တဲ့အခါမှာ အရေးကြီးဆုံးအချက်ကတော့ Internet အသုံးပြုနိုင်မှု ဖြစ်ပါတယ်။ Internet အသုံးပြုနိုင်မှု မရှိသရွေ့ကတော့ e-Government အောင်မြင်ဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ အဲဒီတော့ ဒီနေ့ဒီအချိန်မှာ နိုင်ငံတော်ရဲ့နေရာအနှံ့မှာ နိုင်ငံတော် အစိုးရကသော်လည်းကောင်း၊ ကုမ္ပဏီများကသော်လည်းကောင်း တန်ဖိုးနည်း (၁၅၀၀) တန် မိုဘိုင်း တယ်လီဖုန်းတွေ ဖော်ဆောင်ပြီးမှ နေရာအနှံ့မှာ အင်တာနက် အသုံးပြုနိုင်သဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အထွေထွေကိစ္စရပ်များအတွက် တွင်ကျယ်စွာ အသုံးပြုနေပြီ ဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာကျတော့ စောစောက ဖော်ပြတဲ့အတိုင်းပဲ ဆက်သွယ်ရေးကဏ္ဍနှင့် ဆောင်ရွက်ပြီးစီးခဲ့သော်လည်းပဲ ယနေ့ဒီအချိန်အထိ GSM ဖုန်းများ အသုံးပြုနိုင်ခြင်း မရှိပါဘူး။ Internet လိုင်းများ ဖွင့်လှစ်ပေးခြင်း မရှိသေးပါဘူး။ စက်တပ်ဆင်ခြင်း မရှိသေးဘူးလို့ သိရှိရပါတယ်။ ဒါကြောင့် ဒီနေ့ပလက်ဝမြို့နယ်သည်လည်း မြန်မာနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်သည်နှင့်အညီ နိုင်ငံတော်ရဲ့ နယ်မြေ တစ်ခုဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်တစ်ဝှမ်းလုံးမှာရှိတဲ့ ပြည်သူပြည်သားအားလုံး အသိပညာ၊ အတတ်ပညာမှာ တစ်ပြေးညီ အသုံးချနိုင်ဖို့အတွက် အသိပညာ ရရှိနိုင်ဖို့အတွက်ဆိုရင် တစ်နိုင်ငံလုံးမှာ ဒီဆက်သွယ်ရေး ကွန်ရက် တစ်ခုလုံးဟာ ပျံ့နှံ့တည်ရှိဖို့ ဖြစ်ပါတယ်။ စီးပွားရေး၊ ငွေကြေး အကျိုးအမြတ်တစ်ခုကိုသာ တွက်ချက်မယ်ဆိုရင်တော့ နိုင်ငံရဲ့ဒေသန္တရတစ်ခုလုံးဟာ ပညာရေး၊ ကျန်းမာရေးမှာလည်း များစွာ နောက်ကျမှာ ဖြစ်ပါတယ်။ တစ်ဖက်က စီးပွားရေးအရ တွက်ခြေကိုက်သော လုပ်ငန်းများ ရှိသကဲ့သို့ စီးပွားရေးငွေကြေးအရတွက်ခြေမကိုက်သော လုပ်ငန်းတွေလည်းများစွာ ရှိနိုင်ပါတယ်။ သို့သော်လည်း ဆက်သွယ်ရေးကဏ္ဍသည်လည်း မြန်မာနိုင်ငံရဲ့ သတင်းမီဒီယာကဏ္ဍ ပိုမိုကျယ်ပြန့်နိုင်ဖို့အတွက် ပိုမိုတိုးတက်နိုင်ဖို့ ဆောင်ရွက်နေတာ အင်မတန်အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။

ဒီနေ့ ပလက်ဝမြို့ ပြန်ကြားရေးဌာနအနေနဲ့ ယနေ့ နိုင်ငံတော်ပိုင် သတင်းစာ၊ ကြေးမုံ၊ မြန်မာ့အလင်းတွေမှာ သတင်းဖော်ပြနိုင်ခြင်း မရှိတာ ဘာကြောင့်လဲဆိုတာ အဖြေထုတ်လို့ရပါတယ်။ ကျွန်တော် သိရှိရသလောက်တော့ ပလက်ဝမြို့မှ ကြေးမုံသတင်းစာရော၊ မြန်မာ့အလင်းသတင်းစာရော

သတင်းပေးပို့ဖို့ရာ အချိန်နောက်ကျနေပါတယ်။ ရရှိတဲ့သတင်းတွေဟာ (၂)ရက်လွန်နေတယ်ဆိုရင် သတင်းထဲမှာ ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိဘူးလို့ သိရှိရပါတယ်။ ဒီလို မြန်မြန်ဆန်ဆန် သတင်းကို အခုရ၊ အခုပို့နိုင်ဖို့ဆိုရင်တော့ Internet လိုင်းတွေ ရှိကာမှ သတင်းကို အချိန်မီ ဆောလျင်စွာ ပေးပို့နိုင်မှာဖြစ်လို့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ပြည်သူပြည်သားအားလုံးလည်း ကျွန်တော်တို့ဒေသရဲ့ အခြေအနေအဖြစ်မှန်တွေကို သိရှိနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဒေသမှာ အင်မတန်မှ အရေးကြီးဆုံးအရာ။ ဒီနေ့ဒီအချိန်မှာ ပြည်သူပြည်သားများနဲ့ လုပ်သားပြည်သူအားလုံးက မျှော်လင့်နေတာက ပလက်ဝမြို့အတွက် အင်မတန်အရေးကြီးတဲ့ ဆက်သွယ်ရေးကဏ္ဍမှာ GSM မိုဘိုင်းဖုန်းတွေ အသုံးပြုနိုင်ဖို့အတွက်၊ Internet လိုင်းတွေ ကောင်းမွန်စွာ အသုံးချနိုင်ဖို့အတွက် မျှော်လင့်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့အစိုးရရဲ့ သက်တမ်းဟာလည်း မကြာမီမှာကုန်ဆုံးသွားမှာ ဖြစ်ပါတယ်။ ကတိကဝတ်ပြုထားတဲ့အတိုင်း ဒီအစိုးရရဲ့ နောက်ဆုံးနှစ်ကာလမှာ ၂၀၁၅ ခုနှစ် မကုန်မီ ဆက်သွယ်ရေးကဏ္ဍကို အမြန်ဆုံး ပြီးစီးဆောင်ရွက်ဖို့ အင်မတန် အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပလက်ဝမြို့နယ်မှာ Internet ပါ အသုံးပြုနိုင်တဲ့ GSM တယ်လီဖုန်းများ တပ်ဆင်ခွင့်ရရှိနိုင်ရေးနှင့် ရခိုင်ပြည်နယ် ဆက်သွယ်ရေးကွန်ရက်ကနေ ချိတ်ဆက်အသုံးပြုနိုင်ရေးအတွက်၂၀၁၅ ခုနှစ်မကုန်မီ ဆောလျင်စွာ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ စတဲ့မေးခွန်းကို မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၇။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန)**
။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ပဲ ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ ချင်းပြည်နယ် ဆက်သွယ်ရေး Telecommunication နှင့် စပ်လျဉ်းပြီးတော့ သိရှိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာ သန်း (၅၀၀)အောက်ကနေပြီးတော့ အမေရိကန်ဒေါ်လာ (၆.၂)သန်းနဲ့ ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့ကနေပြီးတော့ ချင်းပြည်နယ်(မြောက်ပိုင်း)၊ ရိဒ်ခေါဒါမြို့ကို ဆက်သွယ်မည့် မင်းတပ်-ရိဒ် GbE IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း (13 Hops)ကို ဆောက်ရွက်ရန် အစီအစဉ် ရှိပါတယ်။ အဆိုပါ မင်းတပ်-ရိဒ် GbE IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းမှာ

မင်းတပ်၊ ဟားခါး၊ ဖလမ်း၊ ဗားလုံ၊ သီရိဥတ္တမတောင် စခန်းဟောင်း (၅)ခုနှင့် လေရှီး (ပွိုင့်-၇၉၂၅)၊ မတူပီ (ပွိုင့်-၅၀၀၀)၊ ဖနိုင်းတောင် (ပွိုင့်-၆၂၀၂)၊ ရေဇွာ (ပွိုင့်-၆၅၃၈)၊ ဆူးရဲခွား (ပွိုင့်-၆၄၅၅)၊ ကြက်မောက်တောင် (ပွိုင့်-၇၅၈၀)၊ လန်တန် (ပွိုင့်-၆၂၃၆)နှင့် ရိဒ်စခန်းသစ်(၉)ခု ပါဝင်မှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းတွေ ဆောင်ရွက်ရာမှာ အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာ (၆.၂)သန်းနဲ့ လိုအပ်တဲ့ တာဝါတိုင်တွေ၊ ရေဒီယိုစက်ပစ္စည်းတွေ၊ ပါဝါပစ္စည်းတွေကို ပြည်ပ (အိန္ဒိယ)ကနေပြီးတော့ ဝယ်ယူရမည် ဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ စက်မှုအဆောက်အဦလုပ်ငန်းတွေ၊ တာဝါဖောင်ဒေးရှင်း လုပ်ငန်းတွေ၊ စက်ပစ္စည်း ပို့ဆောင်တပ်ဆင်ခြင်းလုပ်ငန်းတွေကို မြန်မာကျပ်ငွေဖြင့် ဘတ်ဂျက်ရန်ပုံငွေ တောင်းခံပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ရမည့် လုပ်ငန်းတွေဖြစ်တဲ့ စက်မှုအဆောက်အဦလုပ်ငန်းတွေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုငွေနဲ့ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

တာဝါဖောင်ဒေးရှင်းလုပ်ငန်းများဟာ တာဝါဖောင်ဒေးရှင်း (Drawing)ရရှိမှပဲ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆောင်ရွက်ရန် ကျန်နေပါသေးတယ်။ တာဝါတိုင်များ၊ ရေဒီယိုစက်ပစ္စည်းများ၊ ပါဝါပစ္စည်းများကို ပြည်ပ အိန္ဒိယကနေ ဝယ်ယူရန်မှာလည်း အိန္ဒိယ-မြန်မာ ငွေချေးသဘောတူစာချုပ် ချုပ်ဆိုပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပြီးတော့ ငွေချေးသဘောတူစာချုပ်ချုပ်ဆိုဖို့အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ရန် ကျန်ရှိတဲ့ တာဝါဖောင်ဒေးရှင်းလုပ်ငန်းများနဲ့ စက်ပစ္စည်းပို့ဆောင်တပ်ဆင်ခြင်း လုပ်ငန်းများအတွက် ကုန်ကျစရိတ်များကို ခန့်မှန်းတွက်ချက်ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ရန်ပုံငွေထည့်သွင်းတောင်းခံထားပြီး ဖြစ်ပါတယ်။ အိန္ဒိယ-မြန်မာ ငွေချေးသဘောတူစာချုပ်ကို အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်မှသာလျှင် စီမံကိန်းအတွက် ကျန်ရှိနေတဲ့ လုပ်ငန်းတွေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပါဝင်တဲ့လုပ်ငန်းတွေကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကုန်မှာ အပြီးဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် အချိန်မီ စီမံကိန်းပြီးစီးအောင် ဆောင်ရွက်ရန်မှာလည်း အခက်အခဲ ရှိမှာဖြစ်ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အိန္ဒိယချေးငွေရရှိလို့ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ပြီးစီးမှသာ မိုဘိုင်းစခန်းများ၊ အင်တာနက်စနစ်များ၊ အော်တိုအိတ်ချိန်းတွေကို ဆက်လက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဖလမ်းမြို့မှာ လိုင်းအင်အား (၆၀၀)ရှိ အော်တိုအိတ်ချိန်း စခန်းတစ်ခုကို အဝေးဆက်သွယ်မှု 2 E1 နဲ့လည်းကောင်း၊ လိုင်းအင်အား(၆၅၀၀)ရှိတဲ့ CDMA-800 စခန်းတစ်ခုကို အဝေးလိုင်း 2 E1 ဖြင့်လည်းကောင်း၊ လိုင်းအင်အား(၄၅၀၀)ရှိတဲ့ GSM စခန်းတစ်ခုကို အဝေးလိုင်း 2 E1 နဲ့လည်းကောင်း၊ ADSL အင်တာနက်စနစ်ကို 2 E1 ဖြင့်လည်းကောင်း တပ်ဆင်ဆောင်ရွက်ထားရှိပြီး လောလောဆယ်မှာ တပ်ဆင်ထားတဲ့ လိုင်းအင်အားနှင့် သင့်တင့်ကိုက်ညီမှု ရှိကြောင်း တွေ့ရပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်မှာ CDMA-800 နဲ့ CDMA 450 များကို တိုးချဲ့ရန် အစီအစဉ် မရှိသေးပါ။ ဖလမ်းမြို့ အော်တိုတယ်လီဖုန်း (ကြိုးဖုန်း)တွေကို ၂၀၁၃-

၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ မြေအောက်ကေဘယ်လ်ကြိုးတွေ လိုင်း(၄၀၀)နဲ့ အစားထိုးပြုပြင် ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။

ဖလမ်း (အထက)အနီးမှာ ဆောက်လုပ်ထားတဲ့ GSM ရေဒီယိုစခန်းဟာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် KSGM Co.,Ltd တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ Phase 2 မှာ ရေဒီယိုစက်ပစ္စည်းတွေကို တပ်ဆင်ပေးသွားမှာဖြစ်ပြီးတော့ ၂၀၁၅ ခုနှစ်အကုန်မှာ ဆောင်ရွက်ပြီးစီးမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှာ Nation-wide Telecommunications Service Provider လိုင်စင်ရယူထားတဲ့ Ooredoo Myanmar Limited နှင့် Telenor Myanmar Limited တို့မှ ဆက်သွယ်ရေးစနစ် တိုးတက်ကောင်းမွန်စေရန်အတွက် မြန်မာနိုင်ငံ အနှံ့အပြားမှာ ဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ Ooredoo Myanmar Limited မှ ချင်းပြည်နယ်၊ ဟားခါးမြို့မှာ Site (၉)ခု၊ ဖလမ်းမြို့မှာ Site (၈)ခု၊ တွန်းဇံမြို့မှာ Site (၂)ခု၊ မတူပီမြို့မှာ Site (၃)ခု၊ တီးတိန်မြို့မှာ Site (၈)ခု စုစုပေါင်း Site (၃၀)ခု ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ခုနှစ်အတွင်းမှာ Telenor Myanmar Limited ကနေပြီးတော့ ချင်းပြည်နယ်၊ ဟားခါးမြို့မှာ Site (၁၁)ခု၊ ဖလမ်းမြို့မှာ Site (၆)ခု၊ တွန်းဇံမြို့မှာ Site (၃)ခု၊ ကန်ပက်လက် မြို့မှာ Site(၁)ခု၊ မင်းတပ်မြို့မှာ Site (၃)ခု၊ မတူပီမြို့မှာ Site (၂)ခုနဲ့ တီးတိန်မြို့မှာ Site (၆)ခု စုစုပေါင်း Site (၃၂)ခု ဆောင်ရွက်ရန် လျာထားစီစဉ်ပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ Ooredoo Myanmar Limited နှင့် Telenor Myanmar Limited တို့မှ အဆိုပါ တာဝါတိုင်တွေကို တည်ဆောက်ရန် လျာထားပြီးဖြစ်ခြင်းကြောင့်လည်း ချင်းပြည်နယ်ရဲ့ ဆက်သွယ်ရေးကဏ္ဍဟာ ယခင်အခြေအနေများထက် ပိုမိုကောင်းမွန်လာမှာဖြစ်ကြောင်း ဖြေကြားအပ် ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ရဲ့ ပလက်ဝမြို့နယ်မှာမိုဘိုင်းတယ်လီဖုန်းနှင့် တန်ဖိုးနည်း (၁၅၀၀) ကျပ်တန် မိုဘိုင်းဖုန်း များ အသုံးပြုနိုင်ရေးအတွက် စက်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ကျွန်တော် ဆက်လက် ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ချင်းပြည်နယ်အတွင်း ဟားခါး၊ တီးတိန်၊ ဖလမ်း၊ တွန်းဇံ၊ မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝ စတဲ့ မြို့ (၇)မြို့မှာ WCDMA ရေဒီယိုစခန်း (၂)ခု၊ GSM ရေဒီယိုစခန်း (၆)ခု၊ CDMA -450 ရေဒီယိုစခန်း (၆)ခု တပ်ဆင်ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနမှာ Nation-wide Telecommunications Service Provider လိုင်စင်ယူထားတဲ့ Ooredoo Myanmar Limited နှင့် Telenor Myanmar Limited တို့ကတော့ လောလောဆယ်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့မှာ တာဝါတိုင် တည်ဆောက်ရန် အစီအစဉ် မရှိသေးပါ။

ဒ့ါအပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ မိုဘိုင်းရေဒီယိုစခန်း (၄၀၀)တည်ဆောက်ရေး စီမံကိန်းဖြင့် ဟားခါးမြို့နယ်မှာ စခန်း(၃)ခု၊ တီးတိန်မြို့မှာ စခန်း(၁)ခု၊ ထန်တလန်မြို့မှာ စခန်း(၂)ခု၊

မင်းတပ်မြို့မှာ စခန်း(၂)၊ ဖလမ်းမြို့နယ်မှာ စခန်း(၂)ခု၊ ပလက်ဝမြို့နယ်မှာ စခန်း(၁)ခု စုစုပေါင်း မိုဘိုင်းရေဒီယိုစခန်း(၁၁)ခု တည်ဆောက်ခဲ့ပြီးတော့ ပလက်ဝ မိုက္ကရိုစခန်းမှာရှိတဲ့ ရေဒီယိုစခန်းအတွက် ရေဒီယိုစက်ပစ္စည်း တပ်ဆင်ခြင်းလုပ်ငန်းတွေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တပ်ဆင်ဖွင့်လှစ် အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တိုင်းပြည်ပြုလွှတ်တော် ညီလာခံ ကျင်းပရာ ရန်ကုန်မြို့ အတွင်းဝန်ရုံးဝင်းရှိ သမိုင်းဝင်ပါလီမန် အဆောက်အအုံကို အများပြည်သူ လေ့လာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက တိုင်းပြည်ပြု လွှတ်တော်ညီလာခံကျင်းပရာ ရန်ကုန်မြို့ အတွင်းဝန်ရုံးဝင်းရှိ သမိုင်းဝင်ပါလီမန် အဆောက်အအုံကို အများပြည်သူ လေ့လာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၅။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ နဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေရန် ဦးစွာဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ တိုင်းပြည်ပြုလွှတ်တော်ညီလာခံကျင်းပရာ ရန်ကုန်မြို့ အတွင်းဝန်ရုံးဝင်းရှိ သမိုင်းဝင် ပါလီမန်အဆောက်အအုံကို အများပြည်သူလေ့လာနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်ပြုလွှတ်တော်ဆိုတာဟာ တိုင်းပြည်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲရန် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပြီးတော့ အခွင့်အာဏာပေးအပ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များပါဝင်တဲ့ လွှတ်တော်ကို ဆိုလိုပါတယ်။ လွှတ်တော်ဆိုတဲ့ ဝေါဟာရဟာ ရှေးမြန်မာမင်းများလက်ထက်ကပင် ရှိခဲ့ပါတယ်။ မင်းရဲ့အာဏာတော်တည်ရာ နိုင်ငံတော်ရဲ့ အချက်အချာဌာနကြီး ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ပထမဆုံးသော တိုင်းပြည်ပြုလွှတ်တော်ကို ပြင်သစ်နိုင်ငံမှာ ၁၇၈၇ ခုနှစ်မှာ စတင်ကျင်းပခဲ့ပါတယ်။ ပြင်သစ် အမျိုးသားကိုယ်စားလှယ်များ ပါဝင်တဲ့ ညီလာခံကြီးဖြစ်ပြီးတော့ ယင်းညီလာခံက ၁၇၉၁ ခုနှစ်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲခဲ့ကြပါတယ်။ ဒီနေရာမှာ ဥပဒေပြုလွှတ်တော်နှင့် ကွဲပြား

ခြားနားမှုရှိစေရန်အတွက် ၁၇၈၇ ခုနှစ် တွင် စတင်ကျင်းပခဲ့တဲ့ညီလာခံကို တိုင်းပြည်ပြုလွှတ်တော် ဆိုပြီးတော့ ခေါ်ဆိုခဲ့ကြပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ချုပ်ဆိုခဲ့တဲ့ အောင်ဆန်း အက်တလီစာချုပ် စာပိုဒ်(၁)အရ တိုင်းသူပြည်သားများဟာ မိမိတို့ရဲ့ကံကြမ္မာကို ဖန်တီးနိုင်ရန် အတွက် တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲများ ကျင်းပရန် စီစဉ်ခဲ့ကြပါတယ်။ တိုင်းပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ ကျင်းပခဲ့ပါတယ်။ ဖ.ဆ.ပ.လ က တစ်နှစ်အတွင်း လွတ်လပ်ရေး ရမည်ဟူသော ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲကို ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံး တိုင်းပြည်ပြုလွှတ်တော်အမတ် (၂၅၅)နေရာမှာ (၂၄၃) နေရာ ကို ဖ.ဆ.ပ.လ ကရရှိခဲ့တဲ့အတွက် (၉၅.၃)ရာခိုင်နှုန်း ရွေးချယ်တင်မြှောက်ခံခဲ့ရပါတယ်။ ယင်း ရွေးကောက်ပွဲမှ ရွေးချယ်တင်မြှောက်လိုက်တဲ့ အမတ်များနဲ့ တိုင်းပြည်ပြုလွှတ်တော်ညီလာခံများကို ၁၉၇၄ ခုနှစ်၊ ဇွန်လ ကနေပြီးတော့ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလအထိ (၁၅)ကြိမ်တိုင်တိုင် ကျင်းပ ခဲ့ကြပါတယ်။ တိုင်းပြည်ပြုညီလာခံတွေကို အသေးစိတ်အားဖြင့် အောက်ပါအတိုင်းလည်း တွေ့ရ ပါတယ်။

ပထမအကြိမ် ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၁ ရက်ကနေပြီးတော့ ဇွန်လ ၁၈ ရက်နေ့အထိ၊ ဒုတိယ အကြိမ် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှ သြဂုတ်လ ၁၆ ရက်နေ့အထိ ဖြစ်ပါတယ်။ တတိယ အကြိမ်ကိုတော့ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်ကနေပြီး၂၄ ရက်နေ့အထိ ဖြစ်ပါတယ်။ စတုတ္ထ အကြိမ်ကိုတော့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ကနေ ဇန်နဝါရီလ ၁၂ ရက်နေ့အထိ ဖြစ်ပါတယ်။ ပဉ္စမအကြိမ်ကိုတော့ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့ကနေ ဧပြီလ ၂၄ ရက်နေ့အထိ ကျင်းပပါတယ်။ ဆဋ္ဌမအကြိမ်ကိုတော့ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်ကနေပြီး စက်တင်ဘာလ ၁၆ ရက် နေ့အထိဖြစ်ပါတယ်။ သတ္တမအကြိမ်ကိုတော့ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်ကနေ ဇွန်လ ၂၁ ရက် နေ့အထိ ဖြစ်ပါတယ်။ အဋ္ဌမအကြိမ်ကိုတော့ ၁၉၄၉ ခုနှစ်၊ ဇွန်လ ၇ ရက်ကနေပြီးတော့ ၂၁ ရက်နေ့ အထိ ကျင်းပတာဖြစ်ပါတယ်။ နဝမအကြိမ်ကိုတော့ ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်ကနေ အောက်တိုဘာလ ၁ ရက်နေ့အထိ ဖြစ်ပါတယ်။ ဒသမအကြိမ်ကိုတော့ ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်ကနေ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ကျင်းပတာဖြစ်ပါတယ်။ (၁၁) ကြိမ်မြောက်ကိုတော့ ၁၉၅၀ ခုနှစ်၊ သြဂုတ်လ ၂၈ ရက်ကနေ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ကျင်းပပါတယ်။ (၁၂)ကြိမ် မြောက်ကိုတော့ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်ကနေ ဇူလိုင်လ ၁၀ ရက်နေ့အထိ ကျင်းပပါတယ်။ (၁၃)ကြိမ်မြောက်ကိုတော့ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်ကနေ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ထိ ဖြစ်ပါတယ်။ (၁၄)ကြိမ်မြောက်ကိုတော့ ၁၉၅၁ ခုနှစ်၊ သြဂုတ်လ ၂၈ ရက်ကနေ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့အထိ ဖြစ်ပါတယ်။ (၁၅) ကြိမ်မြောက် အစည်းအဝေးကိုတော့ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ကနေ ဒီဇင်ဘာလ ၂၇ ရက်နေ့အထိ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ကြည့်မယ် ဆိုရင် အရှည်ကြာဆုံးညီလာခံက (၃၉)ရက် ကြာမြင့်ပြီးတော့ အတိုဆုံး ညီလာခံက (၂)ရက်သာ ကြာပါတယ်။


ထူးခြားချက်အနေနဲ့ကတော့ ဒုတိယအကြိမ်ညီလာခံ မကျင်းပမီ(၁၀)ရက်အလိုမှာ ဗိုလ်ချုပ် တို့ လုပ်ကြံခံခဲ့ရပါတယ်။ စတုတ္ထအကြိမ် ညီလာခံကျင်းပပြီး နောက်တစ်နေ့ဖြစ်တဲ့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာ မြန်မာပြည် လွတ်လပ်ရေးရပါတယ်။ (၁၂)ကြိမ်မြောက် ညီလာခံအပြီး (၃)လ

ခန့်အကြာမှာ လွတ်လပ်ရေးရရှိပြီးကာလ ပထမဆုံးအကြိမ် ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲဟာ ပြည်တွင်းသောင်းကျန်းမှုတွေကြောင့် (၃)သုတ်ခွဲပြီး ကျင်းပခဲ့ကြောင်း သိရပါတယ်။ ယင်းကာလများအတွင်း (၁၅)ကြိမ်မြောက် ပါလီမန်ကို ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ကျင်းပပြီး အဆုံးသတ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ရွေးချယ်ခံအမတ်တွေပါဝင်တဲ့ ပါလီမန် ပြည်သူ့လွှတ်တော်ကြီး ပေါ်ပေါက်လာပါတယ်။ ကျွန်တော့်အနေနဲ့ Power Point များဖြင့် တင်ပြခွင့်ပြုရန် ခွင့်တောင်းခံအပ်ပါတယ်။


ဒီဥစ္စာကတော့ ယခုတင်ပြတဲ့ အတွင်းဝန်များရုံး၊ ကျွန်တော်တို့ခေတ်မှာတော့ ဝန်ကြီးများရုံးလို့ ခေါ်ပါတယ်။ အခုတင်ပြတဲ့ ပါလီမန်အဆောက်အအုံကတော့ ဒီအဆောက်အအုံကြီးရဲ့ အတွင်းမှာရှိပါတယ်။ ဒါ မြင်ရတဲ့အဆောက်အအုံဟာ တိုင်းပြည်ပြု ညီလာခံကျင်းပတဲ့ ပါလီမန် အဆောက်အအုံ ဖြစ်ပါတယ်။ ဒါ အဝေးကနေ မြင်ရပုံဖြစ်ပါတယ်။ ဒါကတော့ အစိုးရအဖွဲ့ ဝန်ကြီးများရုံးနဲ့ မြင်ရတဲ့ ပုံဖြစ်ပါတယ်၊ အပြင်ကနေ။ ဒါကတော့ တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးကို တက်ရောက်လာတဲ့ ဗိုလ်ချုပ်အောင်ဆန်း နဲ့ အဖွဲ့တွေ ဖြစ်ပါတယ်။ ဒါကတော့ ပထမဦးဆုံးလွှတ်တော်ဥက္ကဋ္ဌနဲ့ ပထမဆုံးသမ္မတကြီး ညောင်ရွှေစော်ဘွားကြီး စပ်ရွှေသိုက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အသေးစိတ်ရေးဆွဲခဲ့တဲ့ ဦးချန်ထွန်း ရဲ့ပုံ ဖြစ်ပါတယ်။ ဒါကတော့ အဲဒီခေတ်အခါက နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု ဖြစ်ပါတယ်။ ဒါကတော့ တိုင်းပြည်ပြုညီလာခံ ကျင်းပပြီး ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေစာအုပ် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းပြည်ပြုလွှတ်တော်ညီလာခံ ကျင်းပရာ ရန်ကုန်မြို့ အတွင်းဝန်ရုံးဝင်းမှာရှိတဲ့ သမိုင်းဝင် ပါလီမန် အဆောက်အဦကို အများပြည်သူလေ့လာနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ် ရှိပါက မည်သို့စီမံဆောင်ရွက် ပေးထားသည်ကို သိရှိလိုပါတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူ ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


အတွင်းဝန်များရုံး သို့မဟုတ် ယခုခေတ်တွင် ဝန်ကြီးများရုံး မြင်ကွင်းပုံ (တ)



တိုင်းပြည်ပြု ညီလာခံကျင်းပသည့် ပါလီမန် အဆောက်အအုံ မြင်ကွင်းပုံ (တ-၁)



တိုင်းပြည်ပြုညီလာခံ ကျင်းပပြီး ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေစာအုပ်ပုံ(တ-၂)



CONSTITUENT ASSEMBLY
BURMA

THE CONSTITUTION
OF
THE UNION OF BURMA

FOREIGN OFFICE

*Constituent Assembly of Burma*

RANGOON
SUPDT., GOVT. PRINTING AND STATIONERY, BURMA
[illegible]

**ဘီးလင်း - နက်ကြီး ကျောက်တောင် -ကျွန်းပင် - ဖာပွန် လမ်းဖောက်လုပ်ပြုပြင်မှု မည်သည့်နှစ်တွင် ပြီးစီးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် က ဘီးလင်း - နက်ကြီး ကျောက်တောင် -ကျွန်းပင် - ဖာပွန် လမ်းဖောက်လုပ်ပြုပြင်မှု မည်သည့်နှစ်တွင် ပြီးစီးနိုင်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနဲ့ လွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့မေးမယ့် မေးခွန်းကတော့ ဘီးလင်း-နက်ကြီး-ကျွန်းပင်-ဖာပွန် လမ်းဖောက်လုပ်တဲ့ လမ်းဟာ ဘယ်နှစ်ပြီးမလဲဆိုတာ ကျွန်တော်မေးမယ့် မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ်က ကျွန်တော် ဖာပွန်-ကမမောင်းလမ်းကို စပြီးတော့ နိုင်ငံတော်အစိုးရကနေပြီးတော့ ဖောက်လုပ်ပေးမယ့် အစီအစဉ် ရှိ/မရှိမေးတဲ့အခါမှာ ငြိမ်းချမ်းရေးရရင် ဆောင်ရွက်ပေးပါမယ်ဆိုပြီး ကတိပေးခဲ့တယ်။ ထို့အတူပဲ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ကျွန်တော်တို့ KNU အဖွဲ့နဲ့ ငြိမ်းချမ်းရေး လက်မှတ်ထိုးပြီးတဲ့ နောက်ပိုင်းမှာ ဒီလမ်းမကြီးကို ဖာပွန် - ကမမောင်းလမ်းကို (၅၇)မိုင် ထိကို လမ်းကို အစအဆုံးပြန်ပြုပြင်ပြီးတော့ ကတ္တရာလမ်းခင်းပြီးဖြစ်ပါတယ်။ ဒါလည်းပဲ ပြီးသွားပါပြီ။

ထို့အတူပဲ ကမမောင်း-ဝါးဘိုးတော လမ်းကိုလည်း ကျွန်တော်တို့ဆက်ပြီးတော့ လွှတ်တော်မှာ ဆက်မေးတဲ့အခါမှာ ဒါဆက်လက်လုပ်ဆောင်နေပါတယ်လို့ ပြန်ဖြေခဲ့ပါတယ်။ ဒါကလည်း အခုချိန် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအပြီး သူတို့လုပ်မယ်လို့ ကျွန်တော်တို့ ဒါ ကတိကဝတ် ရရှိခဲ့ပါတယ်။ အဲဒီတော့ ဒါနဲ့ တစ်ဆက်တည်းပဲ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဖာပွန်ကို သွားတဲ့လမ်းမှာ လမ်းကြောင်းကြီး(၂)ကြောင်းရှိပါတယ်။ ခုနကဖာပွန်ရယ်၊ ဒီကနေပြီးတော့ ကတိုင်တိ ရယ်၊ ကမမောင်းရယ်ကို ဝါးဘိုးတော-ဖားအံ ဒါလမ်းကြောင်းတစ်ကြောင်း၊ နောက် ဖာပွန် လာမယ့်လမ်းကတော့ ဘီးလင်း - နက်ကြီး အဲဒီကနေပြီးတော့ ကျွန်တော်တို့ မဲချို၊ ကျောက်တော်၊ ကျွန်းပင် အဲဒီကနေမှ ဖာပွန် သွားတဲ့လမ်းရှိပါတယ်။

အဲဒီလမ်းက ဘယ်လောက်ရှည်သလဲဆိုရင် အမှန်အတိုင်းပြောလို့ရှိရင် သူကအားလုံးပေါင်း ဖာပွန်- ဘီးလင်းလမ်း(၇၅)မိုင်၊ နက်ကြီး-ဖာပွန်လမ်း(၅၅)မိုင်၊ အဲဒီတော့ အဲဒီအပိုင်းမှာ ကျွန်တော်တို့ ရန်ကုန်ကနေပြီးတော့ ဖာပွန်သွားမယ်ဆိုရင် တကယ်လို့သာ ဘီးလင်း - ဖာပွန်လမ်းပြီးသွားလို့ရှိရင် ကျွန်တော်တို့ မိုင်(၅၀)သက်သာပါတယ်။ ဘယ်ကနေတုန်းဆိုတော့ အခုလက်ရှိ ကျွန်တော်တို့ သွားနေတဲ့ ရန်ကုန်- ဝါးဘိုးတော၊ အဲဒီကနေမှတစ်ဆင့် ကမမောင်း - ကတိုင်တိ - ဖာပွန်သွားတဲ့အခါမှာ ကျွန်တော်တို့က မိုင်ပေါင်းဟာ ဒါ (၁၅၀)ကျော်ပါတယ်၊ (၂၀၀)နီးပါးလောက်ရှိပါတယ်။ အဲဒီတော့

အဲဒီလမ်းသာပြီးသွားလို့ရှိရင် ကျွန်တော်တို့က ဘီးလင်း-ဖာပွန်လမ်းသာပြီးသွားလို့ရှိရင် ခုနလိုပေါ့ ကျွန်တော်တို့က တော်တော် ခရီးကို တိုပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးချင်တဲ့ မေးခွန်းကတော့ ဘီးလင်း - ဖာပွန်လမ်းဟာ ဘယ်အချိန်လောက်၊ ဘယ်နှစ်လောက်ကျလို့ရှိရင် ဒါ အပြီးသတ်နိုင်မလဲ ဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၄၆။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစောမော်ထွန်း မှ မေးမြန်းထားတဲ့ တိုင်းပြည်ပြု လွှတ်တော်ညီလာခံ ကျင်းပရာ ရန်ကုန်မြို့ အတွင်းဝန်ရုံးရှိ သမိုင်းဝင်ပါလီမန် အဆောက်အဦကို အများပြည်သူ လေ့လာနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာ ရှေးဟောင်း အဆောက်အဦ (Antique Building)များ ဟာ သမိုင်းအမွေအနှစ်အရလည်းကောင်း၊ ယဉ်ကျေးမှုနဲ့ ပညာရပ်ဆိုင်ရာအမွေအနှစ်အရလည်းကောင်း တန်ဖိုးမဖြတ်နိုင်သဖြင့် ရှေးမူမပျက် မွမ်းမံပြင်ဆင်ထိန်းသိမ်းခြင်း(Heritage Conservation) အထူး အလေးပေး ဆောင်ရွက်သည့်နည်းတူ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်မှာရှိတဲ့ ဝန်ကြီး များရုံး၊ ယခင်(အတွင်းဝန်ရုံး) အဆောက်အဦအား ရှေးမူမပျက် စနစ်တကျ လေ့လာမွမ်းမံ ပြင်ဆင် ထိန်းသိမ်းထားရှိနိုင်ရန်အတွက် ပြတိုက်အသွင်ဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တင်ဒါခေါ်ယူခဲ့ရာ တင်ပြသူများအနက်မှ အနော်မာအနုပညာအဖွဲ့ကို ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပါတယ်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့အညီ စာချုပ်ချုပ်ဆိုဆောင်ရွက်ခြင်းကို ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့မှာရှိတဲ့ ဝန်ကြီးများရုံး အဆောက် အဦကို ရန်ကုန်တိုင်းဒေသကြီးအဖွဲ့သို့ လွှဲပြောင်းခွင့်ပြုနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့ အစည်းအဝေး အမှတ်စဉ်(၂၉/၂၀၁၂)အရ ခွင့်ပြုခဲ့ပါသဖြင့် ဝန်ကြီးများရုံး မြေနဲ့ အဆောက်အဦများအား ရန်ကုန်တိုင်းအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ အနော်မာ အနုပညာအဖွဲ့တို့ဟာ B.O.T စနစ်နဲ့ မြေနဲ့ အဆောက်အဦ ငှားရမ်းခြင်းစာချုပ်ကို ၂၉-၁-၂၀၁၃ ရက်နေ့မှာ စာချုပ်ချုပ်

ဆိုခဲ့ပြီးဖြစ်ပါတယ်။ အနော်မာအနုပညာအဖွဲ့ဟာ ဝန်ကြီးများရုံးမှာ သမိုင်းပြတိုက်အဖြစ် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသွားသည့်အခန်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးရုံးထိုင်သွားသည့် ရုံးခန်းနဲ့ တိုင်းပြည်ပြု လွှတ်တော်ညီလာခံများ ကျင်းပခဲ့ရာ သမိုင်းဝင်ပါလီမန် အဆောက်အဦအနေရာများမှာ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်လို့ အများပြည်သူများ လေ့လာနိုင်ရန် စီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သမိုင်းဝင် ပါလီမန်အဆောက်အဦအတွင်းရှိ သမိုင်းပြတိုက်ကို လာရောက်ကြည့်ရှုတဲ့ အများပြည်သူများသာမက နိုင်ငံခြားသားပညာရှင်များ၊ လေ့လာသူများနဲ့ ခရီးသွားဧည့်သည်များ ဝင်ကြေးဖြင့်သော်လည်းကောင်း၊ အခမဲ့ ကြည့်ရှုခွင့်ကိုသော်လည်းကောင်း စနစ်နှစ်မျိုးစလုံးကို ကျင့်သုံးမည်ဖြစ်ပါကြောင်းနဲ့ အသေးစိတ် အစီအစဥ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ အနော်မာ အနုပညာအဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်လျက် ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးစောထွန်းမြအောင် မှ မေးမြန်းထားတဲ့ ဘီးလင်း - နက်ကြီး- ကျောက်တော် - ကျွန်းပင် - ဖာပွန် လမ်းဖောက်လုပ်ပြုပြင်မှုကို မည်သည့်နှစ်တွင် ပြီးစီးနိုင်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဥ်းတဲ့ မေးခွန်းအား ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ဖြေကြားတဲ့အခါမှာ ပိုမိုရှင်းလင်းစေရန်အတွက် ပါဝါပွိုင့်ဖြင့် ရှင်းလင်းခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ဘီးလင်း - နက်ကြီး - ဖာပွန်ဟာ ဒီလမ်းဖြစ်ပါတယ်။ ဒီလမ်းရဲ့အရှည်ဟာ ကျွန်တော်တို့ မွန်ပြည်နယ်အတွင်းမှာ (၃၂)မိုင် နဲ့ (၄)ဖာလုံ၊ ပြီးရင် ကျွန်တော်တို့ ကရင်ပြည်နယ်အတွင်းမှာ (၄၃)မိုင်နဲ့ (၄)ဖာလုံ စုစုပေါင်း (၇၆)မိုင်ရှည်လျားတဲ့ လမ်းဖြစ်ပါတယ်။

ထို့အတူပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ နောက်တစ်လမ်းကတော့ ဝါးဘိုးတော - ကမမောင်း - ဖာပွန်လမ်းဖြစ်ပါတယ်။ ဒီလမ်းကလည်းပဲ ကျွန်တော်တို့ (၉၁)မိုင်နဲ့ (၆)ဖာလုံ ရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဖာပွန်မြို့ဟာ အခုအချိန်မှာ ခရိုင်မြို့လည်း ဖြစ်သွားတာ ဖြစ်တာကြောင့် ဒါ ကျွန်တော်တို့ အရေးပါလာတဲ့ မြို့တစ်မြို့ဖြစ်လို့ ဒီလမ်းများကို ကောင်းမွန်အောင် ဆောင်ရွက်နိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတာကို ကျွန်တော်တို့ ဂရုပြုမိတာဖြစ်ပါတယ်။

ဒီလမ်းတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တင်ပြရရင် ဘီးလင်း - နက်ကြီး - ဖာပွန်လမ်း ရဲ့ မွန်ပြည်နယ်အပိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေကျပ် (၇၃၆)သန်း ပြည်ထောင်စုရန်ပုံငွေ ထည့်ပါတယ်။ ပြည်နယ်ရန်ပုံငွေက(၄၃၆၇)သန်းထည့်ပြီးတော့ စုစုပေါင်း ရန်ပုံငွေကျပ်(၅၁၀၃)သန်းနဲ့ (၁၂)ပေအကျယ်ကနေပြီးတော့ (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ (၁၂)ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း (၁)မိုင် (၃)ဖာလုံ၊ လမ်းအနိမ့်ညှိခြင်း၊ အနိမ့်အမြင့်ညှိခြင်း၊ ရေပိတ်လွှာလောင်းခြင်း (၆)မိုင်၊ ကျောက်လမ်းခင်းခြင်း (၇)မိုင် (၆)ဖာလုံ၊ ဒီမှာ ကျွန်တော်တို့ ဘီးလင်းတံတားဖြစ်ပါတယ်။ ဒီဘီးလင်းတံတားကိုလည်း ကျွန်တော်တို့ ဒါ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ပေ(၆၈၀)အရှည်ရှိတဲ့

ဘီးလင်းတံတားအသစ်လည်း ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ ဒီတံတားလည်း ဒီနှစ်ထဲမှာပြီးအောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီအပြင် ပေ(၅၀)အောက် သံကူကွန်ကရစ်တံတားနဲ့ ရေပြွန် အားလုံးပေါင်း (၄၄)စင်းတို့ကိုလည်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်(၅၉၅)သန်း၊ မွန်ပြည်နယ်ရန်ပုံငွေကျပ်(၃၈၈၂)သန်း စုစုပေါင်း ကျပ်သန်းပေါင်း (၄၄၇၇)သန်းနဲ့ လမ်းတံတား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် လျာထားတောင်းခံထားပါတယ်။ မွန်ပြည်နယ်အပိုင်း(၃၂)မိုင်(၄)ဖာလုံကိုတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းအဆင့်ထိ အပြီးဆောင်ရွက်ရန် စီမံလျာထားချက်ရှိပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်အပိုင်းမှာ (၄၃)မိုင်နဲ့ (၄)ဖာလုံ ရှိပါတယ်။ ဒီအပိုင်းမှာလည်းပဲ ကျွန်တော်တို့ ပေ(၄၉၀)ရှိတဲ့ ယွန်းစလင်းတံတား ဒီနေရာမှာဖြစ်ပါတယ်။ ဒါဖျာပုံမြို့အဝင်နားမှာ ရှိပါတယ်။ ဒီတံတားကိုလည်း ကျွန်တော်တို့ တည်ဆောက်ပါတယ်။ ဒီတံတားကို တည်ဆောက်တဲ့အခါမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အပြီးတည်ဆောက်ဖို့အတွက် ရန်ပုံငွေကျပ် (၆၉၆)သန်း ကျွန်တော်တို့ တောင်းခံထားပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း(၅၀)နဲ့ (၁၀)ပေအရှည် (၂၄)ပေအကျယ် သံကူကွန်ကရစ်တံတား(၂)စင်းနဲ့ အထူးပြင်ဆင်ထိန်းခြင်းရန်ပုံငွေ(၆၃)သန်းနဲ့ မိုင်တိုင်(၇၃/၁)နဲ့ (၇၃/၆)ကြားထဲမှာ (၂၅၀)ပေအရှည်ရှိတဲ့ မျှောတုတ်ရိုက်ခြင်းနဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘီးလင်း - နက်ကြီး -ဖာပွန်လမ်းရဲ့ ကရင်ပြည်နယ်အပိုင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ်(၁၀၅)သန်းနဲ့ ကတ္တရာလမ်းသစ်ခင်းခြင်း(၆)ဖာလုံ ဆောင်ရွက်ရန်လျာထားတင်ပြထားပါတယ်။ ၎င်းလမ်းကို ရာသီမရွေးသွားလာနိုင်ရေးအတွက် နယ်မြေလုံခြုံရေးအခြေအနေနဲ့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ကတ္တရာလမ်းအဆင့်ရောက်ရှိရန် (၂)နှစ် စီမံချက်ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၂း၅၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၅၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၂း၅၉။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်း ခွင့်တင်ပြချက်များကို တင်ပြပါမယ်။

ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီအစည်းအဝေး။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ၎င်းအတိုင်း။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ၎င်းအတိုင်း။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးလှမောင်၊ ကယား(၁၁)၊ ၎င်းအတိုင်း။ ဦးဌေးယိန်း၊ ချင်း(၁၁)၊ ၎င်းအတိုင်း။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ၎င်းအတိုင်း။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ၎င်းအတိုင်း။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ပြင်သစ်-မြန်မာလွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးတွေ့ဆုံပွဲ။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ၎င်းအတိုင်း။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဒုတိယဗိုလ်မှူးကြီးလှိုင်ဝင်း၊ တပ်မတော်၊ ကော်မတီအစည်းအဝေးတို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို လူမှုဝန်

ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၄။**

**ဒေါ်စုစုလှိုင် (ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်မကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ကိုယ်စား မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန်အတွက် အမျိုးသား လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၀၄။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းအား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဖိုးဇော် က ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏အခွင့်အရေးများ ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် မသင့် လွှတ်တော် ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန်

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ**။ ။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံ စာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၆။**

**ဦးစိုင်းတင်အောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီဝင် ကျွန်တော် ဦးစိုင်းတင်အောင်မှ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

မသန်စွမ်းသူများ၏အခွင့်အရေးများဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅- ၉၇
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၂၆-၁၂-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို လူမှုဝန်ထမ်းကယ်ဆယ် ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၁-၁-၂၀၁၅ ရက်နေ့နှင့် ၂၃-၁-၂၀၁၅ ရက်နေ့များတွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မသန်စွမ်းသူများ၏အခွင့်အရေးများ ဥပဒေကြမ်းကိုလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ နှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြရာ အောက်ပါအတိုင်းသဘောတူညီမှုရရှိခဲ့ပါသည်-

(က) ဥပဒေကြမ်းတွင်ပါရှိသော မသန်စွမ်းသူများ၏အခွင့်အရေးများဥပဒေ ခေါင်းစဉ်ကို မြန်မာစာရေးထုံးနှင့် ညီညွတ်မှုရှိစေရန်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ ဟု လည်းကောင်း၊ ဗဟိုမသန်စွမ်းသူများအသင်း ဆိုသည့် စကားရပ်ကို မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

အပိုဒ် ၂၊ အပိုဒ်ခွဲ(ထ)၏အောက်တွင် အပိုဒ် ၂၊ အပိုဒ်ခွဲ(ဒ)အဖြစ်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဓ)ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(န)ဟု ပြင်ဆင်ပြီးအပိုဒ် ၂၊ အပိုဒ်ခွဲ(န) ၏ အောက်တွင် အပိုဒ် ၂၊ အပိုဒ်ခွဲ(ပ)အဖြစ်လည်းကောင်း အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၂။ (ဒ) ဝန်ကြီးဌာနဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကိုဆိုသည်။

(ပ) ဦးစီးဌာနဆိုသည်မှာ လူမှုဝန်ထမ်းဦးစီးဌာနကိုဆိုသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ် ၃၊ အပိုဒ်ခွဲ (ဃ)တွင်ပါရှိသော နယ်ပယ်အသီးသီးတွင် သန်စွမ်းသူများနှင့်တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်နိုင်ရေး တာဝန်ယူဆောင်ရွက်နိုင်ရန် ဆိုသည့်စကားရပ်ကို နယ်ပယ်အသီးသီးတွင် အခြားသူများနှင့် တန်းတူ လူမှုအဖွဲ့အစည်းတွင် ပေါင်းစည်းပါဝင်နိုင်ရန် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းခြင်းအတွက် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)တွင် ဖော်ပြထားသော စကားရပ်များအစား ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ ဒုတိယဥက္ကဋ္ဌ(၁) ဟုလည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂) ၏အောက်တွင် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃)အဖြစ် ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဥက္ကဋ္ဌ(၂) ဟုလည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၄)၏အောက်တွင် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၅) အဖြစ် ပြင်ဆင်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်အဖွဲ့ဝင် ဟုလည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၅) ကို အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၆) အဖြစ် ပြင်ဆင်ပြီး မသန်စွမ်းမှုအမျိုးအစားအလိုက် ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များဟုလည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၆)ကို အပိုဒ်၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၇)အဖြစ်ပြင်ဆင်ပြီး အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ မှ ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များဟုလည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၈)ကို အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ် (၉) အဖြစ် ပြင်ဆင်ပြီး ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အတွင်းရေးမှူး ဟုလည်းကောင်း၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၉)ကို အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁၀)အဖြစ်ပြင်ဆင်ပြီး အတွင်းရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ တွဲဖက်အတွင်းရေးမှူးဟုလည်းကောင်း အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ခ) တွင်ဖော်ပြထားသော သန်စွမ်းသူများနှင့် ညီမျှသော အခွင့်အရေးများရှိစေရမည် ဆိုသည့်စကားရပ်ကို အခြားသူများနှင့် ညီမျှသော အခွင့်အရေးများရှိစေရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်

၁၃ တွင်ဖော်ပြ ထားသော စကားရပ်များအစား အမျိုးသားကော်မတီသည် အမွေဆက်ခံ ထိန်းသိမ်းရန် အခက်အခဲရှိသော မသန်စွမ်းသူများအတွက် အစီအမံများ ချမှတ်၍ ကာကွယ်စောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(င)တွင်ပါရှိသော တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် ရုံးခွန်ကင်းလွတ်ခွင့် အတွက် တည်ဆဲဥပဒေများအရ တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်နိုင်သည် ဆိုသည့် စကားရပ်ကို တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် ကျသင့်သော ရုံးခွန်ကင်းလွတ်ခွင့် ရှိသည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း နှင့် အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဂ)၏ အောက်တွင် အပိုဒ် ၁၆၊ အပိုဒ်ခွဲ (ဃ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၆။(ဃ) နိုင်ထက်စီးနင်း အကြမ်းဖက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှု အမျိုးမျိုး အပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံ ခံရမှုတို့မှ အကာအကွယ်ရထိုက်ခွင့်ရှိသည်။

(ဃ) မူလဥပဒေကြမ်းအပိုဒ် ၁၇၊ အပိုဒ်ခွဲ (ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ထက်စီးနင်း အကြမ်းဖက် ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုအမျိုးမျိုး အပါအဝင် အလွဲသုံးခံရမှု၊ ခေါင်းပုံဖြတ်ခံရမှုများနှင့် ခွဲခြားဆက်ဆံခံရမှုတို့မှ အကာအကွယ် ရထိုက်ခွင့်ရှိသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၂ တွင် ဖော်ပြထား သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ လူတိုင်းအကျုံးဝင် ပညာရေးစနစ် ဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ သန်စွမ်းသူများ နှင့် ပေါင်းစည်းပညာသင်ကြားနိုင်သည့် လူတိုင်း အကျုံးဝင်ပညာရေးစနစ် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၅ တွင်ဖော်ပြထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနသည် ကျောင်းပညာ မသင်ယူနိုင်သော မသန်စွမ်းသူများအတွက် အထူးပညာရေးအစီအစဉ် ဆိုသည့် စကားရပ်ကို ဝန်ကြီးဌာနသည် ကျောင်းပညာမသင်ယူနိုင်သော မသန်စွမ်းသူ များအတွက် သီးသန့် ဖွင့်လှစ်သင်ကြားပေးသော အထူးပညာရေး အစီအစဉ် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၈ တွင်ပါရှိသော စည်ပင်သာယာ ရေးကော်မတီနှင့် အဖွဲ့များ ဆိုသည့်စကားရပ်ကို စည်ပင်သာယာရေးအဖွဲ့များ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အခန်း(၈)ခေါင်းစဉ်ကို မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး ဟု လည်းကောင်း၊ အပိုဒ် ၃၁၊ အပိုဒ်ခွဲ(က) တွင်ဖော်ပြထားသော သင့်လျော် သော စီမံဆောင်ရွက်မှုများကို စီမံဆောင်ရွက်ပေးရမည်ဆိုသည့် စကားရပ်ကို သင့်လျော် သော စီမံဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် နှင့် ညှိနှိုင်း ဆောင်ရွက်ပေးရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အခန်း(၁၀)ခေါင်းစဉ်ကို

မသန်စွမ်းသူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးဟုလည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မူလဥပဒေကြမ်းအပိုဒ် ၃၂၊ အပိုဒ်ခွဲ(က)၏ အောက်တွင် အပိုဒ်ခွဲ(ခ)အဖြစ် လည်းကောင်း၊ အပိုဒ် ၅၃၊ အပိုဒ်ခွဲ(က)၏အောက်တွင် အပိုဒ်ခွဲ(ခ)အဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၂။ (ခ) မိဘမဲ့၊ ခိုကိုးရာမဲ့ မသန်စွမ်းသူများ နေထိုင်ရပ်တည်နိုင်ရေးအတွက် စီစဥ်ဆောင်ရွက်ပေးရမည်။

၅၃။ (ခ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် သတ်မှတ်ထားသည့် ဒဏ်ကြေး ပေးသွင်းပြီး မှတ်ပုံတင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။ သို့ရာတွင် စေတနာ့ဝန်ထမ်း ပရဟိတအသင်းအဖွဲ့ ဖြစ်ပါက သတ်မှတ် ထားသည့် ဒဏ်ကြေးပေးသွင်းရန်မလို။

(စ) မူလဥပဒေကြမ်း အပိုဒ် ၆၀ တွင် ဖော်ပြထားသော စကားရပ်များအစား ပိုင်ရှင်တစ်ဦးဦး သည် ပုဂ္ဂလိက အသက်မွေးမှုသင်တန်းကျောင်းနှင့် ပုဂ္ဂလိကပြန်လည် ထူထောင်ရေး ဌာနတစ်ခုခုကို ခွင့်ပြုမိန့်သက်တမ်း တိုးမြှင့်ရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၆၀) အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးမှတစ်ဆင့် ဦးစီးဌာနသို့ လျှောက်ထားရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၀ တွင်ဖော်ပြထားသော နှစ်စဥ် အရအသုံးငွေစာရင်းရှင်းတမ်းများ ပြုစု၍ အမျိုးသား ကော်မတီသို့ တင်ပြရမည် ဆိုသည့်စကားရပ်ကို နှစ်စဥ် ဘဏ္ဍာရေးရှင်းတမ်းအရ အသုံးငွေ စာရင်းရှင်းတမ်းများ ပြုစု၍ အမျိုးသားကော်မတီသို့ တင်ပြရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ပိုမို ပြည့်စုံမှုရှိစေရန်အတွက် အပိုဒ် ၇၇၊ အပိုဒ်ခွဲ (ခ)တွင် ဖော်ပြထားသော အလွဲသုံးစားပြုခြင်း ဆိုသည့်စကားရပ်ကို တလွဲ အသုံးပြုခြင်းဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၇၊ အပိုဒ်ခွဲ(ဂ) တွင် ဖော်ပြထားသော မသန်စွမ်းသူများအား အလွဲသုံးစားပြု၍ ကိုယ်ကျိုးစီးပွားမရှာရ ဆိုသည့်စကားရပ်ကို မသန်စွမ်းသူများအား တလွဲအသုံးပြု၍ မည်သည့်အကြောင်း နှင့်မျှ ကိုယ်ကျိုးစီးပွားမရှာရ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၉၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၇၉ အဖြစ်ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ် များအစား မည်သည့်ပိုင်ရှင် မဆို ပုဒ်မ ၇၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၆) လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်(၁၀)သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၇၉၊ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၈၀ အဖြစ်ပြောင်းလဲအမှတ်စဥ်ပြီး ပြစ်မှုနှင့်ပြစ်ဒဏ် မျှတမှုရှိစေရန်အတွက် ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမဆို ပုဒ်မ ၇၄ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို (၁ ) နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်(၁၅)သိန်းထက် မပိုသော ငွေဒဏ်

ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၈၁ ကို အပိုဒ် ၈၂ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင်ဖော်ပြထားသော အနည်းဆုံးကျပ် (၅) သိန်းမှ ကျပ် (၁၅) သိန်းထက်မပိုသော ဆိုသည့်စကားရပ်ကို ကျပ် (၁၅) သိန်းထက်မပိုသော ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၈၂ ကို အပိုဒ် ၈၃ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင်ဖော်ပြထားသော အနည်းဆုံး ကျပ် (၅)သောင်းမှ ကျပ် (၃)သိန်းထက်မပိုသော ဆိုသည့်စကားရပ်ကို ကျပ် (၃)သိန်း ထက်မပိုသောဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့် ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(ဆ) မူလဥပဒေကြမ်း အပိုဒ် ၉၀ ကို အပိုဒ် ၉၁ အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော ရန်ပုံငွေသို့ လှူဒါန်းထောက်ပံ့သောဆိုသည့်စကားရပ်ကို ရန်ပုံငွေ၊ ပရဟိတအဖွဲ့အစည်းများနှင့် မသန်စွမ်းသူအသင်းအဖွဲ့များသို့ လှူဒါန်းထောက်ပံ့သော ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၂ ကို အပိုဒ် ၉၃ အဖြစ် ပြောင်းလဲ အမှတ်စဥ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဥ်း၍ ဤဥပဒေပြဋ္ဌာန်းချက်များနှင့် အညီသာလျှင် လိုက်နာဆောင်ရွက်ရမည်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ဖ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဆ) (ဈ)၊ အခန်း (၃) အခန်းခေါင်းစဥ်၊ အပိုဒ်၇၊ အပိုဒ်ခွဲ(ခ)(ဂ)(ထ)(ဓ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၃၄ ခြေဆင်း၊ အခန်း (၁၀) အခန်း ခေါင်းစဥ်၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၅၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၃၅၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲငယ် (၁)(၂) (၃) (၄)(၅)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၉၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၄ တို့ကို မြန်မာစာရေးထုံးနှင့် ညီညွတ်မှု ရှိစေရန်အတွက် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) မူလဥပဒေကြမ်း အပိုဒ်၂၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉ ခြေဆင်း၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၆ ခြေဆင်း၊ အပိုဒ် ၆၅၊ အပိုဒ် ၆၇၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၆၉၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၇၄ ခြေဆင်း၊ အပိုဒ် ၉၁၊ အပိုဒ်ခွဲ(က) (ခ)တို့ကို ဥပဒေရေးထုံးနှင့် ကိုက်ညီမှု ရှိစေရန် အတွက် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ည) အရေးအသား အသုံးအနှုန်း ကျစ်လျစ်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း အပိုဒ်၂၊ အပိုဒ်ခွဲ(ခ)(င)(ည)(ပ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဇ)၊ အပိုဒ် ၄၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၆၊ အပိုဒ် ၁၄၊ အပိုဒ်ခွဲ (ခ)(ဆ)၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်၂၀၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၃၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၃၆၊ အပိုဒ်ခွဲ (က)(ခ)(ဂ)(စ)၊ အပိုဒ် ၃၈ ခြေဆင်း၊ အပိုဒ် ၃၉ ခြေဆင်း၊ အပိုဒ် ၄၇၊ အပိုဒ် ၄၉၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉

ခြေဆင်း၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂၊ အပိုဒ် ၆၄ ခြေဆင်း၊ အပိုဒ် ၆၆၊ အပိုဒ် ၆၇ ခြေဆင်း၊ အပိုဒ် ၆၇၊ အပိုဒ်ခွဲ(ဃ)(င)၊ အပိုဒ် ၆၈၊ အပိုဒ် ၆၉၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၇၃၊ အပိုဒ်ခွဲ (က)(ခ)၊ အပိုဒ် ၇၆၊ အပိုဒ်ခွဲ (က) (ဂ)၊ အပိုဒ် ၈၃၊ အပိုဒ်ခွဲ (က) (ခ)၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉ တို့ကို ပြင်ဆင်သင့်ကြောင်းနှင့် အပိုဒ် ၆၇၊ အပိုဒ်ခွဲ(ခ)(ဂ)တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဌ) မြန်မာစာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်းမှန်ကန်မှု ရှိစေရန် အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှု ရှိစေရန်အတွက်လည်းကောင်း၊ အဓိပ္ပာယ် ပိုမိုပြည့်စုံစေရန်အတွက်လည်းကောင်း၊ အရေးအသား ကျစ်လျစ်စေရန် အတွက်လည်းကောင်း ညှိနှိုင်းပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ထိုသို့ပြင်ဆင်ခဲ့သည့် အတွက် ပြောင်းလဲသွားသည့် အမှတ်စဉ်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ် ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်ပညာရှင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက် နိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၃:၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မသန်စွမ်းသူများ၏ အခွင့် အရေးများ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်း အရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၃-၂-၂၀၁၅ (တနင်္လာနေ့) ထက်နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြည်တွင်း ရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃:၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ပြည်တွင်း ရေကြောင်း

သွား ရေယာဉ်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ ပြည်တွင်းရေကြောင်းများတွင် အသုံးပြုလျက်ရှိသော ရေယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် ကျင့်သုံးလျက်ရှိသည့်မူရင်းအက်ဥပဒေမှာ The Alerting Research of Act 1917, Indian Act No-1 of 1917 ၁၉၁၇ ခုနှစ် ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောအက်ဥပဒေ အိန္ဒိယအက်ဥပဒေအမှတ် ၁/၁၉၁၇ ဖြစ်ပါတယ်။ ယင်းဥပဒေဟာ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှု အက်ဥပဒေအရ နိုင်ငံတော်တွင် အာဏာသက်ရောက်စေခဲ့သော ဥပဒေဖြစ်ပါတယ်။

ပြည်တွင်းရေကြောင်းများတွင် အသုံးပြုလျက်ရှိသော ယာဉ်များအန္တရာယ် ကင်းရှင်းစေရေးအတွက် အက်ဥပဒေ၏ ပြဋ္ဌာန်းချက်များမှာ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက်ကြောင့်လည်းကောင်း၊ ပြောင်းလဲလာသော အခြေအနေများအရ ရေနွေးငွေ့သုံး မီးသင်္ဘောများ အစား ဒီဇယ်အင်ဂျင်နှင့် လျှပ်စစ် စသည့် စွမ်းအင်သုံး ရေယာဉ်များ၊ အမျိုးအစားများစွာ ပေါ်ပေါက်လာခဲ့တဲ့အတွက်ကြောင့်လည်းကောင်း ဥပဒေသစ် ပြန်လည်ရေးဆွဲ ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်အား ဆွေးနွေးရန်အဆို တင်သွင်းခြင်းကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)က ဦးထွန်းဇော် က ထောက်ခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း ရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

ပြည်တွင်း ရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန်

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်တွင်း ရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။ ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဦးဝင်းနိုင်ရှိန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးဝင်းနိုင်ရှိန်က ကော်မတီ၏ တာဝန်ပေးချက်အရ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်း စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ - ၇၈
ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ လ ၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၁၀ - ၁၂ - ၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၄-၁-၂၀၁၅ ရက်နေ့ နှင့် ၂၉-၁-၂၀၁၅ ရက်နေ့များတွင် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း နိဒါန်း တွင်ဖော်ပြထားသောစကားရပ်များအစား ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အခန်း(၁)၊ အခန်းခေါင်းစဉ်တွင်ပါရှိသော အမည်၊ အဓိပ္ပာယ်ဖော်ပြချက်၊ သက်ဆိုင်ခြင်းနှင့် ကင်းလွတ်ချက်များဆိုသည့် စကားရပ်ကို အမည်၊ အဓိပ္ပာယ်ဖော်ပြချက်နှင့် သက်ဆိုင်ခြင်းဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)တွင်ဖော်ပြထားသော ပြည်တွင်းရေကြောင်းဆိုသည် မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရေယာဉ်ဖြင့် သွားလာနိုင်သောဆိုသည့်စကားရပ်ကို ပြည်တွင်းရေကြောင်းဆိုသည်မှာ နိုင်ငံတော်အတွင်း ရေယာဉ်ဖြင့် သွားလာနိုင်သော ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင် သင့်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေကြမ်းအပိုဒ် ၂၊ အပိုဒ်ခွဲ(စ)တွင်ဖော်ပြထားသော စကားရပ်များအစား ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်းလက်မှတ် ဆိုသည်မှာ ရေယာဉ်ကို လိုအပ်သည့် အန္တရာယ်ကင်းရှင်းမှုများအတွက် ဤဥပဒေနှင့်အညီလိုအပ်သည့် တည်ဆောက်မှု၊ တပ်ဆင်မှုနှင့် ထိန်းသိမ်းမှုများကို တိုင်းတာစစ်ဆေး အတည်ပြုထားသည့် အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အပိုဒ်၂၊ အပိုဒ်ခွဲ (ဇ)၏အောက်တွင် အပိုဒ် ၂၊ အပိုဒ်ခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၂။ (ဈ) အမြန်ရေယာဉ်ဆိုသည်မှာ အောက်ပါ ရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်

(၁) ပြည်တွင်းရေကြောင်းအတွင်း တစ်နာရီရေမိုင် (၁၅) မိုင်နှုန်းနှင့်အထက် မောင်းနှင်နိုင်သော ရေယာဉ်၊

(၂) ရေယာဉ် အလျားနှင့်ဗျက်အချိုးသည် (၇) နှင့်အထက်ရှိပြီး တစ်နာရီရေမိုင် (၁၂) မိုင်နှုန်းနှင့်အထက် မောင်းနှင်နိုင်သော ရေယာဉ်၊

(၃) ရေမျက်နှာပြင်ပေါ်တွင် ရှပ်ပြီး လှုပ်ရှားသွားလာနိုင်သော ရေယာဉ်၊

(၄) ရေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုသည် ရေပြင်နှင့် ထိစပ်၍သော်လည်းကောင်း ရေပြင်မှကင်းလွတ်၍သော်လည်းကောင်း မောင်းနှင်နိုင်သော ရေယာဉ်။

(ဂ) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ည)အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ပတ်ဝန်းကျင်ညစ်ညမ်းမှု ဆိုသည်မှာ ပြည်တွင်းရေကြောင်းတွင် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ညစ်ညမ်းစေမှုကိုသော်လည်းကောင်း၊ ရေထု၊ လေထု ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့တို့၏ ဖြစ်စဉ်အပေါ် ထိခိုက်ပျက်စီးစေမှု၊ ဆုံးရှုံးနစ်နာစေမှု၊ ပြောင်းလဲစေမှု သို့မဟုတ် သက်ရောက်စေမှုကိုသော်လည်းကောင်း ဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဋ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော ရေယာဉ်ရောက်ရှိရပ်နားနေသည့် နေရာများလည်း ပါဝင်သည် ဆိုသည့်စကားရပ်ကို ရေယာဉ်ရပ်နားသည့် နေရာများလည်း ပါဝင်သည် ဟု လည်းကောင်း၊ အပိုဒ် ၃ နှင့် အပိုဒ် ၄ ဘေး ခေါင်းစဉ်များကို ပယ်ဖျက်၍ ယင်းအပိုဒ်များတွင် ဖော်ပြထားသောစကားရပ်များအစား အောက်ပါအတိုင်းအစားထိုး၍ အပိုဒ် ၃ အဖြစ်ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၃။ ဤဥပဒေသည် နိုင်ငံတော်၏ ပြည်တွင်း ရေကြောင်းတွင်သွားလာသည့် မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန်တာဝန်ရှိသော ရေယာဉ်၊ ပြည်တွင်းရေကြောင်းသို့ ခေတ္တဝင်ရောက်လာသော နိုင်ငံခြားရေယာဉ်နှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် အောက်ပါရေယာဉ်တို့နှင့် သက်ဆိုင်ခြင်း မရှိစေရ-

(က) စစ်ရေယာဉ်၊

(ခ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသော ရေယာဉ်။

(ဃ) မူလဥပဒေကြမ်း အခန်း၂၊အခန်းခေါင်းစဉ်တွင် ဖော်ပြထားသော ရေယာဉ်များအား တိုင်းတာစစ်ဆေးခြင်း ဆိုသည့်စကားရပ်ကို ရေယာဉ်များကို တိုင်းတာစစ်ဆေးခြင်းဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ဂ) တွင် ဖော်ပြထားသော တာဝန်လွှဲအပ်ပေးနိုင်သည်ဆိုသည့် စကားရပ်ကို တာဝန်ပေးအပ်နိုင်သည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော ယာယီလက်မှတ်ကို ထုတ်ပေးနိုင်သည် ဆိုသည့်စကားရပ်ကို ယာယီလက်မှတ်ကို တစ်ကြိမ် ထုတ်ပေးနိုင်သည်ဟု ပြင်ဆင်ပြီး အပိုဒ် ၉၊ အပိုဒ်ခွဲ(က) အဖြစ် လည်းကောင်း၊ အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မူလဥပဒေကြမ်းအပိုဒ် ၁၅ တွင်ဖော်ပြထားသော စစ်ဆေးခြင်းများ လွယ်ကူ ချော မွေ့စေရန် အထောက်အပံ့ပစ္စည်းများနှင့် ရေယာဉ်၏သက်ဆိုင်ရာ သတင်းအချက် အလက်များကို ဖြည့်ဆည်းပေးခြင်း ဆိုသည့်စကားရပ်ကို စစ်ဆေးခြင်းများ လွယ်ကူ ချောမွေ့စေရန် လိုအပ်သည့် အထောက်အကူပစ္စည်းများနှင့် ရေယာဉ်၏ သက်ဆိုင် ရာ အချက်အလက်များကို ဖြည့်ဆည်းပေးခြင်းဟု ပြင်ဆင်ပြီး အပိုဒ် ၁၄ အဖြစ် လည်းကောင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၅ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော မူရင်းခွဲမိတ္တူကို ဆိုသည့်စကားရပ်ကို မူရင်းခွဲကို ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၁၆၊ အပိုဒ်ခွဲ (က) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် လျှောက် ထားခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ ထိုလက်မှတ်ကိုရုပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း တို့နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ ထုတ်ပြန်ဆောင်ရွက်ရမည် ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၁၆၊ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၇ အဖြစ် ပြောင်းလဲ အမှတ် စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ် အုပ်တို့သည် ရုပ်ဆိုင်းထားသော သို့မဟုတ် ဖျက်သိမ်းပြီးသော ရေယာဉ် အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ကို ရုပ်ဆိုင်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(စ) မူလဥပဒေကြမ်း အပိုဒ် ၁၈ တွင်ဖော်ပြထားသော စကားရပ်များအစား ဝန်ကြီးဌာန သည် ပြည်တွင်းရေကြောင်း သွားခရီးသည်တင်ရေယာဉ်နှင့် ကုန်စည်တင်ရေယာဉ် များတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်အတွက် ကျွမ်းကျင် မှု အဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အချင်း စစ်ဆေးခြင်း၊ ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်းနှင့် ကျွမ်းကျင်မှု လက်မှတ်များကို ကာလသတ်မှတ်၍ရုပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ လိုအပ်သော အခကြေးငွေ များဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း သတ်မှတ်နိုင်သည်ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၂၀၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော ပယ် ဖျက်ခြင်းပြုလျှင်ဆိုသည့်စကားရပ်ကို ဖျက်သိမ်းခြင်းပြုလျှင် ထိုသို့ရုပ်ဆိုင်းသည့် နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှစ၍ လုပ်ငန်းဆောင်ရွက်ခွင့်မရှိစေရဟု ပြင်ဆင် ပြီး အပိုဒ် ၁၉၊ အပိုဒ်ခွဲ(ဂ)အဖြစ်လည်းကောင်း၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြ ထားသော စကားရပ်များအစား ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ်မရှိသော ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်ကို တာဝန်ပေး ခုတ်မောင်းစေခြင်းမပြုရ ဆို သည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော ရေယာဉ် ဝန်ထမ်း အရေအတွက်ထက်လျော့၍ ရေယာဉ်ကိုအသုံးပြုခြင်း ဆိုသည့်စကားရပ် ကို ရေယာဉ်ဝန်ထမ်း အရေအတွက်အောက် လျော့၍ ရေယာဉ်ကို အသုံးပြုခြင်းဟု လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) မူလဥပဒေကြမ်း အပိုဒ် ၂၃ တွင်ဖော်ပြထားသော ကြီးကြပ်သူနှင့် အင်ဂျင်နီယာများအား ကျွမ်းကျင်မှု အဆင့်အတန်းသတ်မှတ်ခြင်းဆိုသည့် စကားရပ်ကို ကြီးကြပ်သူနှင့် အင်ဂျင်နီယာများအား အင်ဂျင်နီယာကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရှိ/မရှိစစ်ဆေးခြင်း၊ ကျွမ်းကျင်မှု အဆင့်အတန်းသတ်မှတ်ခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(က)၊ (ခ)နှင့် (ဆ)တို့တွင် ဖော်ပြထားသော အချက်များဆိုသည့်စကားရပ်ကို သတ်မှတ်ချက်များ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(ဃ)နှင့် (ထ)တို့တွင် ဖော်ပြထားသော စည်းကမ်းချက်များဆိုသည့် စကားရပ်ကို သတ်မှတ်ချက်များဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထားသော မီးလောင်လျှင်ဆိုသည့် စကားရပ်ကို မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(စ)တွင်ဖော်ပြထားသော ရေယာဉ်တွင် ဆောင်ယူရမည့်ဆိုသည့်စကားရပ်ကို ရေယာဉ်တွင်ဆောင်ယူတပ်ဆင်ရမည့်ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၅၊ အပိုဒ်ခွဲ(ဌ)တွင် ဖော်ပြထားသော စကားရပ်များအစား ရေယာဉ်ပေါ်တွင် တင်ဆောင်နိုင်သော ခရီးသည်ဆိုင်ရာ သတ်မှတ်ချက်များဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဓ)တွင် ဖော်ပြထားသော စကားရပ်များအစား သမရိုးကျ မဟုတ်သော ထူးခြားသည့်တာဝန်၊ လုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များအတွက် လိုက်နာရန် သတ်မှတ်ချက်များ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးပြင်ဆင် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) မူလဥပဒေကြမ်းအပိုဒ် ၂၆၊ အပိုဒ်ခွဲ(ခ)တွင်ဖော်ပြထားသော အရေးယူဆောင်ရွက်ခြင်း ပြုရမည်ဆိုသည့် စကားရပ်ကို အရေးယူခြင်းပြုရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၇ ခေါင်းစဉ်တွင် ဖော်ပြထားသော ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်သည် ဆိုသည့်စကားရပ်ကို ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား ကုန်စည်တွင် အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းပါဝင်သည်ဟုသေချာစေရန် ထိုပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေး ကြည့်ရှုနိုင်သည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) မူလဥပဒေကြမ်းအပိုဒ် ၂၉ နှင့် အပိုဒ် ၃၀ တို့တွင် ဖော်ပြထားသော ရေယာဉ် ပိုင်ရှင်နှင့် ရေယာဉ်အုပ်သည် ဆိုသည့်စကားရပ်ကို အရေးအသား မှန်ကန်မှုရှိစေရန်အတွက် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(က)နှင့်(င)တို့တွင် ဖော်ပြထားသော ခုတ်မောင်းသွားလာခြင်းမပြုရဆိုသည့် စကားရပ်ကို ခုတ်မောင်းခြင်းမပြုရ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၀၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား ခရီးသည်တင် ရေယာဉ်နှင့် ကုန်စည်တင် ရေယာဉ် အမျိုးအစားအလိုက် ခွင့်ပြုထားသော ခရီးသည်ဦးရေထက် ကျော်လွန်၍သော်လည်းကောင်း၊ ဝန်တင်

မျဉ်း အမှတ်အသား မြုပ်သည်အထိ သော်လည်းကောင်း ခရီးသည် သို့မဟုတ် ကုန်စည်များကို တင်ဆောင်ခြင်းမပြုရဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၃၁ တွင် ဖော်ပြထားသော စကားရပ်များအစား ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်တို့သည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ပြီး ခွင့်ပြုထားသော ခရီးသည်ဦးရေ ထက်ကျော်လွန်၍ တင်ဆောင်ပါက ထိုသို့ကျော်လွန်သည့် ခရီးသည် တစ်ဦးစီအတွက် ခရီးသည်လက်မှတ်ခ၏ (၁၀)ဆကို ဒဏ်ကြေးငွေအဖြစ် ဦးစီးဌာနသို့ ပေးဆောင်စေရမည်ဖြစ်ပြီး ထိုသို့ကျော်လွန်သော ခရီးသည်များကို အနီးဆုံး သင့်လျော်ရာဆိပ်ကမ်းတွင် ရေယာဉ်ပေါ်မှ ချထားစေရမည်။ ထိုသို့ ချထားစေသည့် အစီအမံများအတွက် ရေယာဉ်ပိုင်ရှင်က တာဝန်ယူဆောင်ရွက်ရမည့်အပြင် အဆိုပါ ချထားခြင်းခံရသော ခရီးသည်၏ ကျန်ရှိသော ခရီးစဉ်ပြီးဆုံးရောက်ရှိသည်အထိ ကုန်ကျစရိတ်ကို ရေယာဉ်ပိုင်ရှင်ကကျခံရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစား ထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ည) မူလဥပဒေကြမ်း အခန်း(၆)၊ အခန်းခေါင်းစဉ်တွင်ပါရှိသော ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုများမဖြစ်စေရန် ကာကွယ်တားဆီးခြင်း ဆိုသည့်စကားရပ်ကို ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်စေရန် ကာကွယ်တားဆီးခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၃၃၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းမှ ကာကွယ်တားဆီးရန် အလို့ငှာရေယာဉ်များမှ ရေနံ သို့မဟုတ် ရေနံရောထားသောပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အခိုးအငွေ့များနှင့် ညစ်ညမ်းစေသည့် ပစ္စည်း တစ်မျိုးမျိုးအား စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် မတော်တဆယိုဖိတ်ခြင်း၊ ယိုစိမ့်ခြင်းမဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေအရသတ်မှတ်ထားသော ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်းပြုရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၃၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား ရေယာဉ်မှ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသည့် အခိုးအငွေ့များ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ၊ ရေနံနှင့် ရေနံရောထားသောပစ္စည်းများနှင့် အခြားပစ္စည်းများကို ပြည်တွင်းရေကြောင်းအတွင်းသို့ စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်းနှင့် ယိုဖိတ်ခြင်း ရှိ မရှိ စစ်ဆေးရန်နှင့် လိုအပ်သလို အရေးယူ ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများအား တာဝန်ပေးရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ဋ) မူလဥပဒေကြမ်း အပိုဒ် ၄၀၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စစ်ဆေးခြင်းဆိုသည့် စကားရပ်ကို စစ်မေးခြင်းဟုပြင်ဆင်ပြီး အပိုဒ် ၃၈၊ အပိုဒ်ခွဲ (ခ)အဖြစ်လည်းကောင်း၊ အပိုဒ် ၄၂၊ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၀၊ အပိုဒ်ခွဲ(က)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မ ၃၉ အရ ခွင့်ပြုချက်တောင်း

ခံခြင်းကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဌ) မူလဥပဒေကြမ်း အပိုဒ် ၄၅ တွင်ဖော်ပြထားသော ပုဒ်မ ၂၁ ပါ တားမြစ်ချက်ဆိုသည့် စကားရပ်ကို ပုဒ်မ ၂၁ သို့မဟုတ် ပုဒ်မ ၃၂ ပါ တားမြစ်ချက်ဟုပြင်ဆင်ပြီး အပိုဒ် ၄၇ အဖြစ် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၄၈ တွင် ဖော်ပြထားသော မည်သည့် ပြည်ပရေယာဉ်ပိုင်ရှင် ဆိုသည့်စကားရပ်ကို မည်သည့်နိုင်ငံခြား ရေယာဉ်ပိုင်ရှင်ဟု ပြင်ဆင်ပြီး အပိုဒ် ၄၅ အဖြစ်လည်းကောင်း၊ အပိုဒ် ၅၀ တွင် ဖော်ပြထားသော စကားရပ်များ အစား မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မဆို ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ဂ)၊(ဃ)၊(င)နှင့် (စ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖြစ်စေ၊ ပုဒ်မ ၁၆ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ၊ ထိုသူကို ထောင်ဒဏ် (၃) လ ထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် (၁) သိန်းမှ ကျပ် (၅)သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟုပြင်ဆင်ပြီး အပိုဒ် ၄၇ အဖြစ်လည်းကောင်း အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

(ဍ) ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေကြမ်းအပိုဒ် ၅၈ တွင်ဖော်ပြထားသော စကားရပ်များအစား ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် တစ်ဦးဦး၊ တိုင်းတာစစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအရာရှိတို့သည် တာဝန်ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်ဟုပြင်ဆင်ပြီး အပိုဒ် ၅၃ အဖြစ်လည်းကောင်း၊ အပိုဒ် ၆၀ တွင် ဖော်ပြထားသော စကားရပ်များအစား ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ကြွေးကျန်များကို တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီအရကောက်ခံရမည်ဟုပြင်ဆင်ပြီး အပိုဒ် ၅၅ ဖြစ်လည်းကောင်း၊ အပိုဒ် ၆၁ တွင် ဖော်ပြထားသော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည် ဆိုသည့်စကားရပ်ကို အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ကျင့်သုံးနိုင်သည်ဟု ပြင်ဆင်ပြီး အပိုဒ် ၅၆ အဖြစ် လည်းကောင်း၊ အပိုဒ် ၆၃ တွင် ဖော်ပြထားသော စကားရပ်များအစား ဤဥပဒေ ပုဒ်မ ၄၁ ပါ ပြစ်မှုကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုအဖြစ် သတ်မှတ်သည်ဟု ပြင်ဆင်ပြီး အပိုဒ် ၅၈ အဖြစ်လည်းကောင်း အသီးသီး အစားထိုးပြင်ဆင် သင့်ကြောင်းနှင့် အပိုဒ် ၂၅၊ အပိုဒ်ခွဲ (န)၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ (ဂ)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၉၊ အပိုဒ် ၄၇၊ အပိုဒ် ၅၂၊ အပိုဒ် ၅၄ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ပ) မြန်မာစာလုံးပေါင်း သတ်ပုံနှင့် အရေးအသား အသုံးအနှုန်း မှန်ကန်မှုရှိစေရန် အတွက် လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန် အတွက်လည်းကောင်း၊ ပြောင်းလဲသွားသည့် အပိုဒ်စဥ်များ၊ အပိုဒ်ခွဲများနှင့် ပုဒ်မအညွှန်းများကို လည်းကောင်း တစ်ပါတည်းပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်း ရေကြောင်းသွားရေယာဉ်ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၃-၂-၂၀၁၅ (တနင်္လာနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ မြန်မာနိုင်ငံ၏ အနာဂတ်လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သော စီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် မြန်မာနိုင်ငံ၏ အနာဂတ်လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သောစီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၉။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်ရဲ့ မြန်မာနိုင်ငံ၏ အနာဂတ်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သော စီမံကိန်းများ Justifiable Power Projects ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်၊ အဆိုရှင်တင်သွင်းသွားတဲ့ အဆိုဟာ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှု ကော်မတီရဲ့ ဦးဆောင်လမ်းညွှန်မှုအောက်မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ JICA တို့မှလျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမှု၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု၊ လျှပ်စစ်မဟာစီမံချက်၊ Master Plan အပေါ် အခြေခံပြီး တင်သွင်းသွားတဲ့ အဆိုဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ မိမိနိုင်ငံရဲ့ ရေမြေသဘာဝ ပထဝီအနေအထားနဲ့ ဘဝတစ်လျှောက်ရရှိလာတဲ့ အတွေ့အကြုံများအရ စီမံချက်ကို စီမံချက် အဖြစ်သာ ပြုစုထားခြင်း မဖြစ်သင့်ဘဲ လက်တွေ့ကျကျ စီမံလျာထားချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သင့်သော လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးစေမှု စီမံကိန်းများကို လုပ်ဆောင်သွားရန် တိုက်တွန်းဆွေးနွေးသွားတာ ဖြစ်ပါတယ်။

ယနေ့ မြန်မာနိုင်ငံဟာ လျှပ်စစ်အကျပ်အတည်းကြုံတွေ့နေရလို့ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးနဲ့ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေအတွက် အဟန့်အတားကို ကျော်လွှားနိုင်ရေး ဖြေရှင်းကြိုးပမ်းလျက်ရှိနေတာကို သိရှိကြပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း လက်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ လျှပ်စစ်နဲ့စွမ်းအင်ကဏ္ဍကို ဦးစားပေးပြီး၊ ဘက်ပေါင်းစုံမှ နည်းလမ်းများ ရှာဖွေလုပ်ဆောင်လာခဲ့ကြတာကိုလည်း တွေ့ရှိကြရပါတယ်။ မြန်မာ့လျှပ်စစ် သမိုင်းတစ်လျှောက်မှာ အသေးစား၊ အလတ်စား၊ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံးနဲ့ ကျောက်မီးသွေးသုံး စက်ရုံများကို ခြုံငုံတင်ပြရရင် အပူရှိန်သုံးဓာတ်အားပေးရုံ Thermal Power Stations ကိုသာ ယနေ့အထိ ဆက်စပ်ထိတွေ့ လုပ်ကိုင်ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ဒီစက်ရုံတွေက ထုတ်လုပ်ပေးလိုက်တဲ့ လျှပ်စစ်ဓာတ်အားတွေကို နိုင်ငံတော်ဓာတ်အားစနစ် National Grid အတွင်း ဖြန့်ဖြူးပေးခြင်းနဲ့ ဓာတ်အားစနစ် နဲ့ ချိတ်ဆက်နိုင်ခြင်းမရှိတဲ့ မြို့/ရွာများကို အသေးစား ရေအားလျှပ်စစ်စက်ရုံများ၊ ဒေသသုံးဓာတ်အားစနစ် Isolated Grid အတွင်း ဖြန့်ဖြူးပေးခြင်းနဲ့ ဒီဇယ်သုံးဓာတ်အားပေးစက်များဖြင့် မြို့/ရွာများမှာ အချိန်ကန့်သတ်မီးပေးသောစနစ် ကျင့်သုံးဆောင်ရွက်လာခဲ့တာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူများအနေနဲ့လည်း မိမိဒေသမှာ ကိုယ့်အားကိုယ်ကိုး အစီအစဉ်များဖြင့်လည်း တစ်နိုင်တစ်ပိုင် လျှပ်စစ်မီးလင်းရေး၊ ရရှိရေး လုပ်ဆောင်လာခဲ့ကြရပါတယ်။ ယခုတင်ပြတဲ့ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးမှုစနစ်များထဲမှာ ရေအားလျှပ်စစ်ကဏ္ဍဟာ ယခင်ကရော၊ ယခုအခါမှာပါ

တစ်နိုင်ငံလုံး ထုတ်လုပ်မှုရဲ့ တပ်ဆင်စက်အင်အား မဂ္ဂါဝပ်အရရော၊ နေ့စဉ်၊ နှစ်စဉ် ပျမ်းမျှ ထုတ်လုပ်ပေးတဲ့ ဓာတ်အား၊ Daily/Annual Generated Energy ကီလိုဝပ်နာရီသန်းအရမှာပါ (၇၀) ရာခိုင်နှုန်းခန့်ရှိနေတာကိုတွေ့ရှိရပါတယ်။ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးမှာ ခေတ်စနစ်ပြောင်းလဲလာတာနဲ့ အလျောက် အခြားလျှပ်စစ်ရရှိနိုင်တဲ့ နည်းလမ်းများဖြစ်ကြတဲ့ အနုမြူစွမ်းအင် (Nuclear)၊ ဘူမိစွမ်းအင် (Geothermal)၊ နေရောင်ခြည်စွမ်းအင် (Solar Power)၊ လေစွမ်းအင် (Wind Power)၊ ကျောက်မီးသွေးသုံး (Coal-Fired) စသည်တို့ကို ချဲ့ထွင်ပြီး လျှပ်စစ်ဖွံ့ဖြိုးမှု တိုးချဲ့လုပ်ဆောင်လျက်ရှိကြတာကိုလည်း တွေ့ရှိကြရပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးရှင်။ ယနေ့မြန်မာနိုင်ငံအနေနဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် အခွင့်အလမ်းများစွာ ရှိသော်လည်း လူတစ်ဦးချင်းရဲ့ ဓာတ်အားသုံးစွဲမှုဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အလွန်နိမ့်ကျနေပါသေးတယ်။ အနာဂတ်တိုင်းပြည်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးမှု အဆင့်ဆင့်အတွက် လိုအပ်ချက်အမျိုးမျိုးတို့ကို ထောက်ချင့်သောအားဖြင့် မိမိတို့အနေနဲ့ ဦးစားပေး ကဏ္ဍမှာပါဝင်တဲ့ လျှပ်စစ်ကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့်ချဲ့ထွင် လုပ်ကိုင်နိုင်ဖို့ ရင်းနှီးမြှုပ်နှံမှုကို သိသိသာသာ တိုးချဲ့လုပ်ကိုင်ရန် လိုအပ်ပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့က ရေးဆွဲထားတဲ့ ၂၀၃၀-၂၀၃၁ အထိနှစ်(၂၀) လျှပ်စစ်မဟာဗျူဟာစီမံကိန်းဟာလည်း အတိုင်းအတာ တစ်ခုအထိတော့ အောင်မြင်မှာ ဖြစ်ပါတယ်။ ဒီကာလရှည်ခန့်မှန်းတွက်ချက်မှုအရ တစ်နိုင်ငံလုံးရာသီမရွေး လုံလောက်စွာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးနိုင်ရန်အတွက် နှစ်စဉ်ပျမ်းမျှ (၁၅) ရာခိုင်နှုန်း တိုးတက်လိုအပ်မယ်လို့ တွက်ချက်သတ်မှတ်ထားရှိပါတယ်။ လက်ရှိဓာတ်အား ထုတ်လုပ်သုံးစွဲမှု အနေနဲ့ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် ညနေ (၇)နာရီမှာ မြန်မာ့သမိုင်းတစ်လျှောက် အမြင့်ဆုံး အဖြစ် (၂၂၃၂) မဂ္ဂါဝပ် အထိ ထုတ်လုပ်ပေးထားနိုင်ပြီ ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား မီးပေးနိုင်မှု (Electrification)မှာ (၃၀)ရာခိုင်နှုန်းသာ ရှိသေးတာကြောင့် တစ်နိုင်ငံလုံး အသုံးပြုနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းများနဲ့ ပင်မဓာတ်အားခွဲရုံများ ဆက်လက်တည်ဆောက်ရန် ကာလရှည်စီမံချက် လျာထားရေးဆွဲထားတာကိုလည်း လေ့လာသိရှိရပါတယ်။ ၂၀၁၅-၂၀၁၆ အမျိုးသားစီမံကိန်းဥပဒေမှာ လျှပ်စစ်ကဏ္ဍတွင် (၉.၁)ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါတယ်။ နိုင်ငံပိုင်အခန်းမှ တန်ဖိုးကျပ်(၆၀၃.၅)ဘီလီယံ ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပြီး လျှပ်စစ်ကဏ္ဍရဲ့ ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ်(၁၀၉၂.၃၇)ဘီလီယံ မျှော်မှန်းထားတာကို လေ့လာတွေ့ ရှိရပါတယ်။ ဒါ့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လုပ်ငန်းအစီအစဉ်များ အနေနဲ့ ရေအားလျှပ်စစ်စီမံကိန်းများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် သဘာဝဓာတ်ငွေ့သုံး စက်ရုံစီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်သုံး စက်ရုံစီမံကိန်းများတွေကို စီစဉ်ဆောင်ရွက်မှာဖြစ်ပြီး စုစုပေါင်းအသုံးပြုနိုင်မယ့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ(၁၇၄၃၃.၈)သန်း ဖြစ်ပေါ်ရန် ရည်မှန်းထားရှိကာ ကျေးရွာပေါင်း (၂၆၁၀၁) ရွာအထိ မီးလင်းရေးဆောင်ရွက်မည်လို့ စီမံကိန်းရေးဆွဲထားတာကိုလည်း လေ့လာသိရှိရပါတယ်။

ဒါကြောင့် တစ်နိုင်တစ်ပိုင်နဲ့ ကျေးရွာတစ်ခုချင်းအလိုက် ထုတ်လုပ်သုံးစွဲနိုင်တဲ့ အသေးစား ရေအားလျှပ်စစ်၊ ဇီဝလောင်စာ၊ အသေးစားနေရောင်ခြည်သုံးတို့ကို တစ်ဖက်မှ လုပ်ကိုင်ဆောင်ရွက်ရမှာ ဖြစ်သလို နှစ်စဉ် ကြောက်ခမန်းလိလိနှုန်း (Alarming rate)ဖြင့် တက်လာနေတဲ့ အိမ်သုံးစက်မှု လက်မှုလုပ်ငန်းသုံးနဲ့ အခြားစီးပွားရေးဖွံ့ဖြိုးမှုသုံး လျှပ်စစ်လိုအပ်ချက် (Demand) ကို ဖြည့်ဆည်းနိုင်ဖို့

မိမိတို့နဲ့ ဆက်စပ်ထိတွေ့နေတဲ့ ရေအားလျှပ်စစ်စီမံကိန်းကြီးများ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံများကို ပြည်တွင်းအပါအဝင် နိုင်ငံတကာလက်ခံနိုင်တဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနဲ့ ကုစားမှု နည်းလမ်းများပါဝင်တဲ့ အစီအမံများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် ကျွန်မတို့ နိုင်ငံဟာလက်တွေ့ဖြစ်နိုင်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ နိုင်ငံတကာနဲ့ ရင်ပေါင် တန်းလိုက်ပါနိုင်မယ့်အဆင့်ကို ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။

အထူးသဖြင့် ကျွန်မတို့တိုင်းရင်းသားနေ ဒေသများရဲ့ ရေ၊ မြေ သဘာဝ၊ တောတောင်တို့မှာ လျှပ်စစ်အရင်းအမြစ်များ ပေါကြွယ်ဝပြီး စနစ်တကျ၊ နည်းလမ်းတကျ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေမယ့် အစီအမံများနဲ့ ဆောင်ရွက်နိုင်ရန် လွန်စွာမှ လိုအပ်ပါတယ်။ ကျွန်မတို့ ကရင်ပြည်နယ်မှာ (၇)မြို့နယ်ရှိတဲ့အနက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရဲ့ မဟာဓာတ်အားလိုင်း National Grid နဲ့ ချိတ်ဆက်နိုင်တာ(၆) မြို့နယ်သာရှိပြီးတော့ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဖာပွန်ဒေသ တစ်ခုတည်းသာ ချိတ်ဆက်နိုင်ခြင်းမရှိဘဲ ကျန်ခဲ့တာဖြစ်ပါတယ်။

သို့သော်လည်းပဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်တဲ့ အရင်းအမြစ်ရှိပေမယ့် လက်ရှိရေအား လျှပ်စစ်စီမံကိန်းဆောင်ရွက်တဲ့နေရာမှာ ထိရောက်ကျွမ်းကျင်တဲ့ ပညာရှင်များ ပါဝင်ခြင်းမရှိတဲ့ အတွက် နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံဆောင်ရွက်သော်လည်းပဲ ရလဒ်ကောင်းများ ထွက်မလာတာကို လက်တွေ့ တွေ့မြင်နေရပါတယ်။ ဒါကြောင့် အာမခံချက်ရရှိနိုင်သော နိုင်ငံတော် ဓာတ်အားစနစ် အောက်မှာ လျှပ်စစ်ဓာတ်အား ပြည့်မီစွာခံစားရရှိနိုင်ရန် ကျေးလက်နဲ့တောင်တန်း နယ်စပ်ဒေသများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ သဘာဝရေအား အရင်းအမြစ်၊ ရေသယံဇာတများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအတွက် ကုစားလုပ်ဆောင်နိုင်တဲ့အစီအမံများက ထွက်ပေါ်လာမယ့် အကျိုးအမြတ်များက အပေါင်းဘက်မှာရှိနေမှသာ နေ့စဉ်ရင်ဆိုင်နေကြရတဲ့ လျှပ်စစ်လုံလောက်စွာမရရှိမှု အခက်အခဲများမှ လွတ်မြောက်နိုင်မယ်လို့ သုံးသပ်လိုပါတယ်။ သို့ဖြစ်ပါ၍ ကျွန်မအနေနဲ့ အဆိုရှင် ဦးမျိုးမြင့် အပြီးသတ် သုံးသပ်ထားတဲ့ နှစ်(၂၀)လျှပ်စစ် မဟာဗျူဟာ စီမံချက်အပေါ် လက်တွေ့ရရှိနိုင်ရန် မျှော်လင့်ချက် အား အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါ၍ အဆိုအား ထောက်ခံဆွေး နွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၄၈။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာ အပေါင်းနှင့် ခညောင်းကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်

တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံ၏ အနာဂတ်လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သော စီမံကိန်းများ Justifiable Power Projects များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို အပေါ်မှာ ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ် ခင်ဗျာ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းခဲ့တဲ့ တင်ပြပါအဆိုဟာ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ JICA ရဲ့ အကူအညီနဲ့ ဆောင်ရွက်ခဲ့တဲ့ ဂျပန်နိုင်ငံThe Kansai Electronic Power Co., နှင့် NEWJEC Inc. အတိုင်ပင်ခံကုမ္ပဏီတို့နဲ့ ပူးပေါင်းပြီးဆောင်ရွက်တဲ့ အနှစ်(၂၀)စီမံကိန်းအပေါ်မှာ သုံးသပ်ဆွေးနွေး တာလို့ ဦးမျိုးမြင့်ရဲ့ တင်ပြစာပေါ်မှာ လေ့လာကြည့်ရင် ကျွန်တော်တို့ သိရှိရပါတယ်။

လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ၂၀၃၀-၂၀၃၁ ကုန်ဆုံးချိန်မှာ မျှော်မှန်းနိုင်တဲ့ နှစ်(၂၀) လျှပ်စစ်မဟာဗျူဟာစီမံကိန်းကို အဆိုရှင်ဟာ သူရဲ့ ရှုထောင့်အမြင်မှ သုံးသပ်တင်ပြတာကို လေ့လာတွေ့ရှိပါတယ်။ ကျွန်တော်တို့ ကနေ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍကို လေ့လာလို့ရှိရင် ကနေ့ ပြီးခဲ့တဲ့ ၂၀၁၂-၂၀၁၃ ခုနှစ်အထိက စီမံကိန်း(၂၀)က စုစုပေါင်း စက်တပ်ဆင်အင်အား (၂၇၈၀) မဂ္ဂါဝပ်ပဲ ရှိပါတယ်။ အခု ၂၀၁၄-၂၀၁၅ မှာဆိုရင် ကျွန်တော်တို့နောက်ထပ် နန်ချို၊ အထက်ပေါင်းလောင်း၊ ဖြူးချောင်း၊ သောက်ရေခပ်(၂)၊ ဘီလူးချောင်း(၃)စတဲ့ စီမံကိန်း(၅)ခုကနေ မဂ္ဂါဝပ် (၄၀၀) ထပ်ပြီး ထွက်လိုက်တော့ စုစုပေါင်း မဂ္ဂါဝပ် (၃၁၈၀)မဂ္ဂါဝပ် ဖြစ်လာပါတယ်။ ဒါဟာ ကျွန်တော်တို့ ရေအားလျှပ်စစ်ကရတဲ့ မဂ္ဂါဝပ်ဖြစ်ပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ကြည့်လို့ရှိရင် ကျွန်တော်တို့ တခြား ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းတွေဖြစ်တဲ့ တိကျစ်ကျောက်မီးသွေးစက်ရုံက (၁၂၀)မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့စက်ရုံ တွေက (၇၁၄.၉)မဂ္ဂါဝပ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လက်ရှိ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ စုစုပေါင်း နိုင်ငံတော်ရဲ့ ဓာတ်အားစနစ် စက်တပ်ဆင်ခြင်း အားဟာ (၄၀၁၄.၉)မဂ္ဂါဝပ်သာရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အချိုးအစားကို ကျွန်တော်တို့ ပြန်ကြည့်မယ်ဆိုရင် ရေအားလျှပ်စစ်က (၇၉.၂) ရာခိုင်နှုန်း၊ ကျောက်မီးသွေးက (၃)ရာခိုင်နှုန်းနဲ့ သဘာဝဓာတ်ငွေ့(၁၇.၈)ရာခိုင်နှုန်းရှိကြောင်း အသီးသီး လေ့လာတွေ့ရှိပါတယ် ခင်ဗျာ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလျှပ်စစ် ဖွံ့ဖြိုးမှုနဲ့ လူတစ်ဦးချင်း ဓာတ်အား သုံးစွဲနိုင်မှုဟာ များစွာ နောက်ကျနေတာကို အားလုံးအသိဖြစ်ပါတယ်။ ဒါကြောင့် ရေအားဓာတ်ငွေ့သုံး၊ကျောက်မီးသွေးသုံး၊ နေရောင်ခြည်နေစွမ်းအင် စတဲ့ လျှပ်စစ်ထုတ်ယူနိုင်မယ့် ဇစ်မြစ်တွေကနေ ကျွန်တော်တို့ နှစ်တို၊ နှစ်ရှည်စီမံကိန်းချမှတ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ ဒီလိုဆောင်ရွက်နေသလိုပဲ တခြားဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း နောင်အနာဂတ် လျှပ်စစ်လိုအပ်ချက်တွေကို မျှော်ကိုးပြီး စီမံချက်အမျိုးမျိုး ဓာတ်အားထုတ်ယူ၊ ဝယ်ယူရေး၊ သုံးစွဲရေးကို ရပ်တန့်ခြင်းမရှိအောင် ဦးစားပေး တိုးချဲ့လုပ်ဆောင်နေကြတာကိုလည်း ကျွန်တော်တို့ အထင်အရှားတွေ့မြင်ရပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ၁၉၇၀ လောက်ကစပြီး နောက်ပိုင်း ဆယ်စုနှစ် (၂)ခု နှစ်ပေါင်း(၂၀)လောက်က ကျွန်တော်တို့က အဲဒီတော့ ဓာတ်ငွေ့သုံးစက်ရုံ၊ Gas Turbines တွေအပေါ်

မှာ ကျွန်တော်တို့ မှီခိုခဲ့ပါတယ်။နောက် (၅)မဂ္ဂါဝပ်လောက်သာ ထွက်တဲ့ရေအားလျှပ်စစ် အသေးစား လေးကိုပဲ ဆောင်ရွက်ခဲ့နိုင်တာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့လို လျင်မြန်စွာ တိုးတက်နေတဲ့အခါ လူဦးရေ တိုးတက်မှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ရုန်းကန်လာတဲ့အခါ နောက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ များလာတဲ့အခါ လျှပ်စစ်လိုအပ်ချက်က ကြီးမားလာတာဖြစ်ပါတယ်။ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့အတွက်က ကျွန်တော်တို့ အခက်အခဲကြုံနေရတယ်ဆိုတာလည်း အားလုံးအသိပါပဲ။ ဒါကိုလည်းငြင်းပယ်လို့မရပါဘူး။

ဒီဖြစ်စဉ်တွေကို သင်ခန်းစာယူပြီး ကျွန်တော်တို့ အခု နှစ်တို၊ နှစ်လတ် လျှပ်စစ်စီမံကိန်း များကို စဉ်းစားဆောင်ရွက်သည့် နည်းတူ နှစ်ရှည်အကြီးစားစီမံကိန်းကြီးများ၊ အာမခံသော စီမံကိန်း ကြီးများကို မလွဲမသွေ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ နှစ်တို၊ နှစ်လတ် စီမံကိန်းများဆိုတာ ဥပမာ (၅၀)မဂ္ဂါဝပ်၊ (၁၀၀)မဂ္ဂါဝပ်စတဲ့ မဂ္ဂါဝပ်အသေးကို အာရုံစိုက်ပြီး လုပ်နေလို့ ရှိရင် နောင်လာမယ့် အနာဂတ်အတွက်မှာ လိုအပ်ချက် Demand ကိုလိုက်မမီနိုင်ပဲ သမင်မွေးရင်း ကျားစားရင်းဆိုသလို ကျွန်တော်တို့ လျှပ်စစ်လိုအပ်ချက်ဟာ လုံးချာလိုက်နေတာဖြစ်ကြောင်း ဆွေးနွေး တင်ပြလိုပါတယ်။

အဲဒီနေရာမှာ ကျွန်တော်တွေးတော တင်ပြလိုတာကတော့ စက်တပ်ဆင်အင်အား(၅၀၀) မဂ္ဂါဝပ်၊ (၆၀၀)မဂ္ဂါဝပ်ရှိတဲ့ တည်ဆောက်မှုကာလ (၄)နှစ်၊ (၅)နှစ်ထက် မပိုတဲ့ ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်ဖို့လိုသလို ကျွန်တော်တို့ မဂ္ဂါဝပ်(၁၀၀၀)အထက်ရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းကြီးများ ဖြစ်မြောက်နိုင်စွမ်းကို လေ့လာ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် အခြေအနေအရပ်ရပ်ကို ဆက်စပ်ပြီး ဦးစားပေးအဆင့်အတန်း သတ်မှတ်ပြီး ကျွန်တော်တို့ ကျန်ခဲ့တဲ့ အချိန်တုန်းက ကျွန်တော်တို့ ဒီ မလုပ်ခဲ့တာတွေကို ပြန်လည်ရယူနိုင်စွမ်းရှိ အောင် အကောင်အထည်ဖော် ကြိုးစားဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း ကျွန်တော်ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အမြင်အရ ဆွေးနွေးလိုတာက ဒီ ကျွန်တော်တို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်တဲ့အခါဖြစ်စေ အကျိုးနဲ့အပြစ်က ဒွန်တွဲပြီးနေပါတယ်။ ရှောင်လွှဲလို့မရပါဘူး။ အကျိုးရှိသလို အပြစ်လည်းရှိမှာပေါ့။ ပတ်ဝန်းကျင် ထိခိုက်မှုတွေကို ဓမ္မဓိဋ္ဌာန်ကျကျ အသေးစိတ်လေ့လာဆန်းစစ်ပြီး ကုစားနိုင်မယ့် နည်းလမ်းများနဲ့ ယခင် ရှိထားပြီး အခြေအနေများထက် သာလွန်ကောင်းမွန်တဲ့၊ လှပတဲ့ ပတ်ဝန်းကျင်တစ်ခုကို ဖန်တီး ပေးရင် ကျွန်တော်တို့ ပတ်ဝန်းကျင် ပျက်စီးထိန်းသိမ်းမှု၊ ပျက်စီးမှုလည်း နည်းမှာဖြစ်ပါတယ်။ ယနေ့ လေ့လာတွေ့ရှိချက်များအရ နိုင်ငံတကာမှာလည်း အစိုးရနဲ့ သက်ဆိုင်ခြင်းမရှိတဲ့ အချို့အဖွဲ့အစည်း၊ ဆိုလိုတာက NGOs တွေ၊ INGOs၊ တွေဟာ အနှုတ်လက္ခဏာဆောင်တဲ့ လှုံ့ဆော်မှုတွေ လုပ်ဆောင် နေကြတာကိုလည်း အုပ်ချုပ်သူအစိုးရမှ အနှုတ်လက္ခဏာဆောင်တဲ့ လှုံ့ဆော်မှု လုပ်နေတဲ့ကြားက ကျွန်တော်တို့ အုပ်ချုပ်သူအစိုးရများဟာ မိမိတို့နိုင်ငံ၊ မိမိလူမျိုး၊ လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေကြတာ တွေ့ရှိရပါတယ်။

ဥပမာ၊ ကျွန်တော်ပြချင်တာ တရုတ်နိုင်ငံမှာပါပဲ၊ တရုတ်နိုင်ငံမှာ မြစ်ကြီးသုံးသွယ်စီမံကိန်း Three Gorges Hydropower Projects လို့လည်း ခေါ်ပါတယ်။ စပြီးတော့ ယန်စီမြစ်ပေါ်မှာ ဆောက်ဖို့ စီမံကိန်းကို စတင်ဆွဲချိန်မှာ တစ်ကမ္ဘာလုံးက ဆန့်ကျင်ခဲ့ကြပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံ

အစိုးရဟာ ဆက်ပြီးဆောင်ရွက်ကာ ကနေ့ ပြီးစီးသွားတဲ့အချိန်မှာ တရုတ်နိုင်ငံ၊ တရုတ်လူမျိုးများ အတွက် ဘယ်လောက် အကျိုးရှိသလဲဆိုတာကို ယနေ့ကမ္ဘာက သိသွားပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွံ့ဖြိုးပြီးဖြစ်တဲ့ အမေရိကန်နိုင်ငံတို့ ဥရောပနိုင်ငံတွေက လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာက သူတို့ နိုင်ငံတွေမှာ ဒီလို Hydropower Projects တွေကို ကျွန်တော်တို့ မြစ်တွေကိုပိတ်ပြီးတည်ဆောက်တဲ့ ရေအားလျှပ်စစ်လုပ်ငန်းကြီးတွေကို အားရအောင် သူတို့လုပ်ပြီး ဒီနေ့ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲ နိုင်ငံလေးတွေ၊ ဖွံ့ဖြိုးမှု အနိမ့်ကျဆုံး နိုင်ငံလေးတွေ ကမ္ဘာအရင်းအမြစ်က ထုတ်ပြီး သုံးစွဲတဲ့ အချိန် ကျမှ နည်းမျိုးစုံနဲ့ သဘာဝပတ်ဝန်းကျင်သမားတွေ လှုံ့ဆော်ပေးပြီးတော့ သဘာဝပတ်ဝန်းကျင် ပြုန်းတီးမယ် ဆိုတာမျိုးတွေကိုတော့ ကျွန်တော်တို့ နားလည်သဘောပေါက်ဖို့ လိုပါတယ်။

ကနေ့ တရုတ်နိုင်ငံအပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံများဟာလည်း ပြီးခဲ့တဲ့၊ လွန်ခဲ့တဲ့ကာလတွေ တုန်းက ကျောက်မီးသွေးစက်ရုံစီမံကိန်းတွေ တည်ဆောက်ခဲ့တဲ့အတွက်ကြောင့် ဖန်လုံအိမ် ပြဿနာ တွေကြောင့် ဒီနေ့ သူတို့နိုင်ငံမှာလည်း အခက်အခဲဖြေရှင်းနေတာတွေရှိပါတယ်။ ကမ္ဘာကြီးပူနွေးလာမှု ဖြေရှင်းရန် နည်းလမ်းတွေ ကြိုးစားနေတာရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ဒီအဆိုရှင်ရဲ့ဆွေးနွေးချက် အပေါ်မှာ ပါဝင်ထောက်ခံဆွေးနွေးဖြစ်ဖို့ အကြောင်းဖန်လာတာက ကျွန်တော်ဟာ ဝန်ထမ်းဘဝမှာ မြစ်ကြောင်းအင်ဂျင်နီယာအနေနဲ့ တောက်လျှောက်လုပ်လာတဲ့အခါမှာ နိုင်ငံတော်ရဲ့ ကျေးဇူးနဲ့ နိုင်ငံ တော်တော်များများ ရောက်ခဲ့ပါတယ်။ အထူးသဖြင့် ဥရောပနိုင်ငံတွေ ရောက်တဲ့အခါမှာ သူတို့နိုင်ငံ တွေမှာ ဒီ မြစ်တစ်စင်းကို အသုံးချပြီး မြစ်ကနေ လျှပ်စစ် အလျှံအပယ်ထွက်တာတွေ ကျွန်တော် လေ့လာတော့ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ဧရာဝတီ၊ ချင်းတွင်း ဒါတွေသာ အသုံးချရင် ကျွန်တော်တို့ နိုင်ငံက လျှပ်စစ်ပြဿနာမပေါ်နိုင်ပါဘူး။ ဥပမာ ရခိုင်ပြည်မှာဆိုရင် ကျွန်တော်တို့ ကုလားတန်မြစ်ကြီး ရှိတယ်။ ရေချိုတွေ၊ Hydropower ထုတ်လုပ်ရင် ရေလည်း အလျှံအပယ်ရနိုင်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့က သူများနိုင်ငံကို ကြည့်ပြီးတော့ စိတ်ကူးယဉ်ခဲ့ပါတယ်။

ဒါကြောင့်မို့ အခု ဦးမျိုးမြင့် အဆိုမှာ အာမခံနိုင်သော ဆိုတာက ဒီမြစ်ကြီးတွေက Hydro-power ထုတ်မှ ပြန်လည်ပြည့်ဖြိုးမယ်၊ လောင်စာအတွက်လည်းမပူရဘူး။ ရေနည်းမှာ၊ များမှာလည်း မပူရဘူး။ အခု ရေအားလျှပ်စစ်စက်ရုံငယ်လေးတွေက မိုးတွင်းမှာ ရေလျှောင်တယ်။ နွေမှာရေမရှိလို့ လျှပ်စစ်ဓာတ်အား အပြည့်အဝမပေးနိုင်ဘူးဆိုတဲ့ ပြဿနာလေးတွေရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော် က ဦးမျိုးမြင့် ရဲ့ အဆိုအပေါ်မှာ ပါဝင်ထောက်ခံဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ နေ့စဉ်ထုတ်တဲ့ သတင်းစာတွေ ဖတ်နေပါတယ်။ မြစ်တွေက လျှပ်စစ်၊ သဘာဝပတ်ဝန်းကျင်နဲ့ ဆက်နွယ်တဲ့ လျှပ်စစ်ဖွံ့ဖြိုးရေး စီမံကိန်းတွေအပေါ်မှာ အမြင်မကြည်လင်တဲ့ သဘောတွေ ဝေဖန်နေ တာလေးတွေကိုလည်း ကျွန်တော်တို့ အခု ကြုံတုန်းကြိုက်တုန်းမှာ ကျွန်တော့်ရဲ့ အမြင်လေးကို အပြု သဘောဆောင်တဲ့ အမြင်နဲ့ ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ ၂၂-၁-၂၀၁၅ ရက်ကလည်း ကျွန်တော်တို့ နေ့စဉ်ထုတ် သတင်းစာတစ်စောင်မှာ တွေ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေအားလျှပ်စစ်ပမာဏ မဂ္ဂါဝပ် တစ်သိန်းအထိ ထုတ်လုပ်နိုင်မည့် အလားအလာရှိသည့်အတွက် ကမ္ဘာ့ဘဏ်အုပ်စုနှင့် အပြည်ပြည် ဆိုင်ရာ ရေအားလျှပ်စစ်အသင်းတို့ ပူးပေါင်း၍ ရေရှည်ခံသည့် ရေအားလျှပ်စစ် ဖွံ့ဖြိုးရေး မြှင့်တင်

သွားမည့် သတင်းထုတ်ပြန်ရေး သတင်းကိုဖတ်ရတဲ့အခါကျတော့ ဦးမျိုးမြင့် ရဲ့ အဆိုအပေါ်မှာ ပိုပြီးတော့ ဝင်ရောက်ဆွေးနွေးဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တစ်ချိန်က မဲခေါင်မြစ်ကော်မရှင် အစည်းအဝေးမှာ တာဝန်အရ တက်ခဲ့ပါတယ်။ မှတ်သားမိသလောက် ပြောရလို့ရှိရင် မဲခေါင်မြစ်ဟာ (၆)နိုင်ငံ ပိုင်ပါတယ်။ မဲခေါင်မြစ်က စုစုပေါင်း (၄၂၀၀) ကီလိုမီတာ ရှိပါတယ် ခင်ဗျား။ တရုတ်နိုင်ငံက သူ တစ်ယောက်တည်း သူတစ်နိုင်ငံတည်းပိုင်တာ (၂၁၀၀) ကီလိုမီတာ ရှိပါတယ်။ တရုတ်နိုင်ငံဟာ မဲခေါင်မြစ်ပေါ်မှာ ရေအားလျှပ်စစ်တွေ၊ စီမံကိန်းတွေ အများကြီးဆောက်ခဲ့ပါတယ်။ ကျွန်တော် သိသလောက် ပြောရမယ်ဆိုလို့ရှိရင် စီမံကိန်း(၅)ခုရှိပါတယ်။ မန်ဝမ်းစီမံကိန်းဆိုရင် (၁၅၀၀) မဂ္ဂါဝပ် ရှိပါတယ်။ ဒါချောင်ရှမ်းဆိုတဲ့ စီမံကိန်းဆိုရင် (၁၃၅၀)ကီလိုဝပ်ရှိပါတယ်။ ဂျင်းဟောင်း ဆိုရင် စီမံကိန်းက (၁၇၅၀)မဂ္ဂါဝပ်ရှိပါတယ်။ ရှောင်ဝမ်က (၄၂၀၀) မဂ္ဂါဝပ်ရှိပါတယ်။ နိုဇာဒူး ဆိုတဲ့ စီမံကိန်း က (၅၈၅၀)မဂ္ဂါဝပ်ရှိပါတယ်။

ဒီနေ့ ကျွန်တော်တို့ နိုင်ငံမှာ မဂ္ဂါဝပ်(၄၀၀၀)ဆိုရင် မဲခေါင်မြစ်အပေါ်မှာ လုပ်တဲ့ ကျွန်တော် တို့ နိုဇာဒူးတို့ ရှောင်ဝမ်တို့ တစ်ခုစာလောက်ပဲရှိကြောင်း တင်ပြလိုပါတယ်။ ဒီရေအားလျှပ်စစ် တမံကြီးတွေ တည်ဆောက်ခဲ့ကြတဲ့အတွက်ကြောင့် စက်တပ်ဆင်အားတွေက ကြီးမားတယ်။ ခန့်မှန်း လို့ရပါတယ်။ ဒါတောင်မှ တရုတ်နိုင်ငံက နောက်ထပ် တမံ(၈)ခုကို ထပ်မံတည်ဆောက်မယ်ဆိုတာ ကြေညာထားတာလဲ ရှိပါသေးတယ်။ အဲဒီတော့ ဒါ မဲခေါင်မြစ်တစ်ခုအပေါ်မှာ တရုတ်က အကျိုး ကျေးဇူးရနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဟိုတုန်းကတော့ လာအိုနိုင်ငံမှာခင်ဗျ။ လာအိုနိုင်ငံဟာ မဲခေါင်မြစ်လက်တက်ထဲဝင်တဲ့ သူ့မြစ်ကလေးတောင်မှ ရေအားလျှပ်စစ်တမံ(၆)ခုကို တည်ဆောက်ခဲ့ ပါတယ်။ ဒီ(၆)ခုဆိုတော့ သူ့နိုင်ငံက လူဦးရေလည်းနည်းတဲ့အခါ၊ လူဦးရေ(၅)သန်းပဲရှိတဲ့အခါ လူဦးရေ နည်းတယ်။ ပိုတဲ့လျှပ်စစ်တွေကို ထိုင်းနိုင်ငံကို ရောင်းစားပါတယ်။ ထိုင်းနိုင်ငံကို ရောင်းစားခြင်း အားဖြင့် ဒီနေ့ လာအိုနိုင်ငံက လူတစ်ဦးချင်း တစ်နေ့ဝင်ငွေဟာ အမေရိကန်ဒေါ်လာ (၁၄၆၀) ရှိတယ် လို့ သိရပါတယ်။ ဒါကြောင့်မို့ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး အရှေ့တောင်အာရှရဲ့ (၉)နိုင်ငံထဲမှာ ဒီ လာအိုနိုင်ငံ က လွတ်မြောက်တော့မယ့် အခြေအနေမှာရှိနေကြောင်းကိုလည်း တစ်ဆက်တည်း တင်ပြလို ပါတယ်။ မဲခေါင်မြစ်ပေါ်မှာ ဒီလို ကျွန်တော်တို့ တရုတ်နိုင်ငံက ဆောက်လို့၊ လာအိုက ဆောက်လို့ မဲခေါင် မြစ်ရေရဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးတယ်၊ ထိခိုက်တယ် ဆိုတာလည်း သိသိသာသာ မရှိသေးပါဘူး။ မဲခေါင်မြစ်အောက်ပိုင်း (၆)နိုင်ငံမှာ အောက်ပိုင်း(၄)နိုင်ငံပေါ့။ ကျွန်တော်တို့ မြန်မာမပါဆိုရင်၊ ဒီနိုင်ငံ တွေဆို မဲခေါင်မြစ်ကို အားကိုးပြီးတော့ ရေကြောင်း သွားလာမှုလုပ်ငန်းတွေ၊ ငါးပုဇွန်ထုတ်လုပ်မှု လုပ်ငန်းတွေလုပ်တယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်တယ်။ ဒါတွေမှာလည်း ထိရောက်မှုနည်းပါ သေးတယ်။ ဆိုလိုတာက ကျွန်တော်တို့ ဒီကျွန်တော်တို့ နိုင်ငံတွေက မြစ်တွေက လျှပ်စစ်ဓာတ်အား ထုတ်လိုက်လို့ရှိရင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေ ဆိုပြီး တွေးကြောက်တဲ့ အတွေးတွေကို ကြုံကြိုက်လို့ ကျွန်တော် သိသလောက် မျှဝေခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ယနေ့အချိန်ကာလဟာ ဒီမိုကရေစီ အသွင် ကူးပြောင်းရေးကာလဖြစ်တဲ့အတွက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံ၊ အခက်အခဲ ပြဿနာပေါင်းစုံကြားက လုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ ဒီမိုကရေစီ လမ်းကြောင်း

ပေါ် သွားနေစဉ်မှာ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်အာမခံတဲ့ လျှပ်စစ်ဓာတ်အား ရရှိနိုင်မယ့် ရေအား လျှပ်စစ်စီမံကိန်းများကို လုံလောက်တဲ့ အချိန်ပေးပြီး ဘက်ပေါင်းစုံမှ ဖြစ်မြောက်နိုင်စွမ်းရှိမှုအပေါ် အခြေခံလျက် တာဝန်ယူရသော အဖွဲ့အစည်းများက ဆောင်ရွက်သွားဖို့ ကျွန်တော့်အနေနဲ့ အပြုသဘောဖြင့် ဆွေးနွေးခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ အဆိုအပေါ်မှာ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၂။**

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ရှင်းလင်းမယ့် သက်ဆိုင်ရာ ဝန်ကြီးဌာန မရောက်သေးတဲ့အတွက် (၁၅)မိနစ် နားပြီးစောင့်ပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၄း၀၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၁၈ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁၈။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၀။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဒီနေ့ ဦးမျိုးမြင့် ရဲ့ အဆိုကို ကျွန်တော့်ရဲ့အမြင်ရှုထောင့်ကနေ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လျှပ်စစ်နဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ သီးခြားဆွေးနွေးမှာဖြစ်ပြီး ပထမဆုံး ကျွန်တော် ပြောချင်တာကတော့ ကျွန်တော်တို့ ဦးမျိုးမြင့် ရဲ့ အဆိုမှာ ပါဝင်ခဲ့တဲ့ ကဏ္ဍပေါင်းစုံကမပြေလည်မှုများ စီမံဆောင်ရွက်ချက် အတော်များများအပေါ် အစဉ်အနုတ်လက္ခဏာဆောင်တဲ့ ရှုထောင့်အမြင်များ၊ ဝေဖန်ချက်များဟာ ၂၀၁၄ ခုနှစ်အတွင်း ခပ်စိတ်စိတ်

ထွက်ပေါ်လာခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ကျွန်တော့်ရဲ့အတွေ့အကြုံနဲ့ ယှဉ်ပြီး ဆွေးနွေးချင်ပါတယ်။ ဒါဟာဘာကြောင့်လဲဆိုရင် ဒီအမြင်တွေ၊ ဒီဝေဖန်ချက်တွေကြောင့်မို့ ကျွန်တော်တို့ အဟန့်အတားတွေဖြစ်ပေါ်ပြီး ကျွန်တော်တို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက် အဟန့်အတားတွေ ဖြစ်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နမူနာအားဖြင့် ပြောမယ်ဆိုရင် ကျွန်တော်တို့ ကလေးမြို့အနီးမှာရှိတဲ့ ချင်းပြည်နယ် တီးတိန်မြို့နယ်မှာပါတဲ့ မွေတောင်နီကယ်နဲ့ သံရောရာ သတ္တုတူးဖော်ထုတ်လုပ်ရေး စီမံကိန်းဆိုတာ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ပထမဆုံးဆောင်ရွက်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ သတ္တုနဲ့ ပတ်သက်တဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်။ တီးတိန်သာမက ချင်းပြည်နယ်တစ်ခုလုံးအတွက်ပါ ကျွန်တော်တို့ အလွန်အရေးပါတဲ့ စီမံကိန်းတစ်ခုဖြစ်ပြီး အကျိုးအင်မတန်ရှိတဲ့ စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီမှာနမူနာပြောမယ်ဆိုရင် ကျွန်တော်တို့ရဲ့တီးတိန်မြို့နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် တို့ တွန်းဇံမြို့နယ်က ဦးနိန်းခင်းပေါင် တို့တစ်တွေက ချင်းပြည်နယ်မှာနေတဲ့ ပုဂ္ဂိုလ်တွေက ဒါနဲ့ပတ်သက်ပြီး သူတို့လုပ်စေချင်ပါတယ်။ မကန့်ကွက်ချင်ဘူး။

သို့သော်လည်းပဲ အခြားဒေသမှာ နေသူတွေက ကန့်ကွက်ပါတယ်။ ဒါ နမူနာ ပြောပြတာဖြစ်ပါတယ်။ ဒါအဲဒီကုမ္ပဏီက NMIC ဆိုတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ ဒီကုမ္ပဏီကနေမှ အဲဒီလို ကန့်ကွက်ချက်တွေ ပေါ်လာတဲ့အချိန်မှာ သူက ဒီလို Pamphlet တွေ ထုတ်ပြီးတော့ ဒါနဲ့ပတ်သက်ပြီး သူတို့ဘယ်လိုလုပ်ထားတယ်ဆိုတာ သူတို့လည်းရှင်းလင်းပါတယ်။ ဒါကို ကျွန်တော်အသေးစိတ် မပြောတော့ပါဘူး။ သို့သော်လည်းပဲ ကျားကျားမီးယပ်ပဲ ဘာတွေပဲ မင်းတို့ပြောပြော ငါတို့ကတော့ ကန့်ကွက်တယ်ဆိုပြီး ကန့်ကွက်ကြတာ ဖြစ်ပါတယ်။ အဲဒီတော့ သူတို့ပြောတဲ့ စကားတွေဟာ ဝမ်းနည်းစရာ ကောင်းတာဘာတွေပါလဲဆိုရင် ဒီနိုင်ငံနဲ့လုပ်ရင်တော့ ငါတို့က ကန့်ကွက်နေမှာပဲ အခြားနိုင်ငံ လာလုပ်ပါလားငါတို့က မကန့်ကွက်တော့ဘူး ဆိုတာမျိုးထိ ပြောလာတာဟာ ကျွန်တော်တို့ ပြည်နယ် အကျိုးရှိဖို့လား၊ ပြည်နယ် အကျိုးယုတ်ဖို့လားဆိုတာ ကျွန်တော်တို့က စဉ်းစားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခြားလုပ်ငန်းတွေ မှာလည်း ဒီလိုကိစ္စမျိုးတွေ အများကြီး ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီတော့ ပြည်သူလူထုဟာ ခြေခြေမြစ်မြစ် မသိဘဲနဲ့ အစဥ်အနုတ်လက္ခဏာဆောင်တဲ့ ရှုထောင့်အမြင်တွေ ဖြစ်ပေါ်လာအောင် ဘယ်သူတွေကများ ဒါတွေကိုလုပ်နေကြသလဲဆိုတာ ကျွန်တော့်အနေနဲ့ မေးမြန်းချင်ပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ တော်တော်ကို ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စရပ်တွေဖြစ်ပါတယ်။

နောက်ထပ် ကျွန်တော်ရဲ့ အတွေ့အကြုံတစ်ခု ပြောမယ်ဆိုရင် ဒါ ကလေးမြို့နယ်ရဲ့ တောင်ဘက်အစွန်မှာရှိတဲ့ အင်းကျိုးကျောက်ပြုတ် ဆိုတဲ့ ဒေသကို သွားပြီးတော့ လွှတ်တော် အတွေ့အကြုံ ရှင်းလင်းပွဲ လုပ်ပါတယ်။ လုပ်တဲ့အခါမှာ အဲဒီက ဒေသခံတစ်ယောက်က ကျွန်တော့်ကို မေးပါတယ်။ အဲဒီဒေသမှာ နွားတောင်ဆိုတာ ရှိပါတယ်။ နွားတောင်ဆိုတာ ကျွန်တော်တို့ လက်ပံတောင်းတောင်နဲ့ ခပ်ဆင်ဆင်ပေါ့ဗျာ။ သူကလည်း အဲဒီတောင်နဲ့ ခပ်ဆင်ဆင်ပေါ့။ အဲဒီတော့ အဲဒီတောင်ကို အဲဒီဟာ မတိုင်ခင်လေးမှာ ပြဿနာတစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်တာလဲဆိုတော့ ကျွန်တော်သွားမရှင်းခင် တစ်လလောက်အလိုမှာ အဲဒီဘက်ကို ဘူဒိုဇာတွေ၊ ဘက်ဟိုးတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ ဒမ်ပါတွေ ပေါ့။ ဒီဟာတွေဟာ အဲဒီဘက်ကို သွားပါတယ်။ အဲဒီတောင် အနီးကို သွားကြတာပေါ့။ ဒါပေမဲ့ သူတို့ သွားတာကတော့ သစ်ထုတ်ဖို့ သွားတာ။ သို့သော်လည်းပဲ အဲဒီရွာက

လူတွေက ဘယ်သူကများ ပြောလိုက်တာလဲ မသိဘူး။ နွားတောင်ကြီးကို ဖြိုတော့မှာလို့ ကောလာဟလ ထုတ်လွှင့်တဲ့အခါမှာ ရွာ အဲဒီနားက (၃)(၄)ရွာရှိတဲ့ လူတွေဟာ ဆိုင်ကယ်တွေနဲ့ အကုန်လုံး လိုက်ကြတယ်။ လူပေါင်း (၅၀)(၁၀၀) လိုက်တဲ့အခါမှာ ကားမောင်းတဲ့ လူတွေဟာ ဘာမှန်းမသိဘဲနဲ့ ထွက်ပြေးခဲ့ရတဲ့ ဇာတ်လမ်း တစ်ခုရှိခဲ့ပါတယ်။ အဲဒီတော့ သူတို့က ဒီပုဂ္ဂိုလ်တွေက ဘာလုပ်မယ် ဆိုတာလဲ သူတို့မသိဘဲနဲ့ နောက် တစ်ခါပြန်ပြီးတော့ စုံစမ်းတဲ့အခါမှာ သူတို့ကသစ်ထုတ်ဖို့ သွားတာပါ ဆိုတာ ပေါ်လာပါတယ်။

ကျွန်တော် အဲဒီလိုသွားပြီး လွှတ်တော် အတွေ့အကြုံ ရှင်းလင်းပွဲ လုပ်တဲ့အခါမှာ အဲဒီက ဒေသခံတစ်ယောက်က တကယ့်ခံစားချက်နဲ့ပါ။ ကျွန်တော်တော့ ငိုသံတောင်ပါတယ်ထင်တယ်။ သူက ဘာပြောလဲဆိုရင် သူတို့ နွားတောင်ကြီးကို ဖြိုမယ်လို့ ကြားပါတယ်တဲ့။ အဲဒါ ဖြိုမဖြိုကို ကျွန်တော့်ကို ဖြေပေးပါတဲ့။ မဖြိုဘူးဆိုရင်လည်း အာမခံချက်ပေးပါလို့ ကျွန်တော့်ကိုပြောပါတယ်။ အဲဒီတော့ ကျွန်တော် ပြောပြပါတယ်။ ခင်ဗျား နွားတောင်ကဘာထွက်လို့လဲ။ ကျွန်တော်က အမျိုးသားလွှတ်တော်မှာ သတ္တုကော်မတီမှာ ပါပါတယ်။ ကျွန်တော့်ဆီမှာသတ္တုဖြစ်ပေါ်မှု မြေပုံတွေဘာတွေရှိပါတယ်။ အဲဒီနွားတောင်မှာ ဘာမှဖော်ပြမထားပါဘူး။ ထွက်မယ်လို့လည်း မပြောပါဘူး။ အဲဒီတော့ ဒီတောင်ကို သတ္တုမထွက်ဘဲနဲ့၊ ဘာမှမထွက်ဘဲနဲ့ ဆီကုန်ခံပြီး မဖြိုပါဘူးဗျာလို့ ကျွန်တော်အဲဒီလိုရှင်းပြခဲ့ရပါတယ်။ ဒါ ကောလာဟလပဲ ဖြစ်ပါတယ် ခင်ဗျား နွားတောင်ကို မဖြိုပါဘူးလို့ ပြောခဲ့ရပါတယ်။ အမှန်တော့ ကျွန်တော် စောစောက ပြောသလိုပဲ လက်ပံတောင်းတောင်နဲ့ ခပ်ဆင်ဆင် တောင်ဆိုတော့ သူတို့တောင်လည်း ဖြိုလိမ့်မယ်လို့ သူတို့က အဲဒီလိုအမြင်နဲ့ ပြောတာဖြစ်ပါတယ်။ ကျွန်တော် လက်တွေ့ရင်ဆိုင်နေရတဲ့ ကျွန်တော်တို့ရဲ့ လက်ရှိ စိန်ခေါ်မှုတွေ ဒီလိုဖြစ်နေတဲ့အကြောင်းတွေ ပြောပြတာ ဖြစ်ပါတယ်။

အဲဒီတော့ လျှပ်စစ်ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်တော်တို့က ဖွံ့ဖြိုးပြီး နိုင်ငံကြီးတွေနဲ့ မယှဉ်နဲ့ဦး ကျွန်တော်တို့ရဲ့ အာဆီယံနိုင်ငံတွေထဲမှာပင် ကျွန်တော်တို့ရဲ့ လျှပ်စစ်သုံးစွဲမှုက အောက်ဆုံးကို ရောက်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ မလေးရှားတို့၊ ထိုင်းတို့၊ ဗီယက်နမ်တို့က (၉၉)ရာနှုန်းလောက်ရှိပြီး ကျွန်တော်တို့က တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲမှုက (၃၀)ရာနှုန်းပဲ ရှိတဲ့အတွက် ကျွန်တော်တို့လျှပ်စစ်မီးကတော့ အမှန်တကယ်လိုအပ်နေပြီဆိုတာ ထင်ရှားပါတယ်။ အဲဒီတော့ လျှပ်စစ်မီး ရရှိဖို့အတွက် ကျွန်တော်တို့ဘာလုပ်ရမလဲ လုပ်ဆောင်စရာတွေ အများကြီး ရှိပါတယ်။ အဲဒီထဲမှာ ကျောက်မီးသွေးလောင်စာတွေ သုံးရမယ်၊ နောက်တစ်ခါ ကျွန်တော်တို့ ရေအား လျှပ်စစ်တွေ သုံးရမယ်။ အဲဒီလို သုံးတဲ့နေရာမှာ စောစောက ပြောတဲ့ ပြဿနာတွေ ရင်ဆိုင်ရပါတယ်။ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်မယ်ဆိုတော့ ဘယ်ရွာမှ အတည်မခံဘူး။ အားလုံးက ကန့်ကွက်တယ်။ ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖြစ်လာရင်တော့ ငါတို့ရွာ တစ်ရွာလုံး အဆုတ်ရောဂါနဲ့ သေကြမှာပဲဆိုပြီး ကန့်ကွက်တာပါ အဆုတ်ရောဂါဖြစ်လိမ့်မယ် ကျောက်မီးသွေးစက်ရုံနားက လူတွေဆိုတာ သူတို့ကိုဘယ်သူကများ ပြောထားလဲ မသိဘူးပေါ့နော်။ အဒီလိုဖြစ်လာတဲ့ အခါမှာ ကျောက်မီးသွေးစက်ရုံလည်း မတည်ဖြစ်ပါဘူး။

အဲဒီတော့ ရေအားလျှပ်စစ်နဲ့ပတ်သက်ပြီး ဆက်ပြောရရင် ရေအားလျှပ်စစ်နဲ့ ပတ်သက်ပြီး တော့လည်း ကန့်ကွက်ချက်တွေ အများကြီးပေါ်ခဲ့ဖူးတာ အားလုံးလည်းအသိ ဖြစ်ပါတယ်။ သို့သော် လည်း ကျွန်တော်တို့ ပြောတဲ့ ဧရာဝတီမြစ်ကို ပိတ်ရမယ်၊ ချင်းတွင်းမြစ်ကို ပိတ်ရမယ်ဆိုတဲ့ ဒီလို

ရေအားလျှပ်စစ် ထုတ်ယူတဲ့ဟာတွေကိုတော့ ကျွန်တော့်အနေနဲ့လည်း အားမပေးလိုပါဘူး။ သို့သော် လည်းပဲ ဖြစ်နိုင်တဲ့ ရေအားလျှပ်စစ်တွေကိုတော့ အမြန်ဆုံး ထုတ်ယူသင့်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော့်တို့ဘက်က မဏိပူဆည်တို့ ဘာတို့ဆိုရင် EIA နဲ့ပဲ ကြည့်ကြည့် SIA နဲ့ပဲ ကြည့်ကြည့် ဘယ်လိုပဲ ကြည့်ကြည့် ဒီဟာ အားလုံးဟာ လွတ်ကင်းတဲ့နေရာတစ်ခု ဖြစ်ပါတယ်။ ပြောရရင်တော့ မဏိပူဆည်ကို လုပ်ခြင်းအားဖြင့် လူတစ်ယောက်မှ ရွှေ့စရာမလိုဘူး။ ယာတစ်ကွက်၊ လယ်တစ်ကွက်မှ ရေလွှမ်းမှာ မရှိဘူး။ အဲဒီတော့ တကယ့်ကို အကျိုးအမြတ်ရှိတဲ့ လုပ်ငန်းတစ်ခု အကျိုးနဲ့အပြစ်တွက်ရင် အကျိုးက (၉၀)ရာနှုန်းလောက် ရှိတဲ့ လုပ်ငန်းတစ်ခု ဖြစ်တဲ့အတွက် ဒီလိုလုပ်ငန်းမျိုးတွေကိုတော့ ကျွန်တော် ဆောင်ရွက်ဖို့သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်တာပါ။

နောက်ကျွန်တော်တို့ အကြီးစား ရေအားလျှပ်စစ်စီမံကိန်းကြီးများ တည်ဆောက်မှုကြောင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်ရိုက်ခက်မှုများ အကြီးစား၊ အလတ်စား၊ အသေးစား ရေလှောင် တမံများဟာလည်း နွေရာသီမှာ အကျိုးမပြုမှုကြောင့် အနုတ်လက္ခဏာ အမြင်ရှုထောင့်ကချည်း ဝေဖန်လျက်ရှိ ကြတာကို တွေ့ရပါတယ်။ အဲဒီတော့ အခြားဘက်စုံစီးပွားရေး ကဏ္ဍများ ဖွံ့ဖြိုးမှုအတွက် အဓိကကျတဲ့ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရာမှာ ၎င်းနဲ့ဆက်စပ်တဲ့ ရေအားလျှပ်စစ်စီမံကိန်း ကြီးငယ်များ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို သားစဉ်မြေးဆက် အကျိုးခံစားနိုင်မယ့် ရှင်သန်ဖွံ့ဖြိုး တိုးတက်မှုအတွက် ဘက်ပေါင်းစုံကနေပြီးမှ ဖြစ်မြောက်နိုင်စွမ်း ပတ်ဝန်းကျင်နဲ့ မိတ်ဖက်နိုင်သော စီမံကိန်းများကို လုပ်ဆောင်နိုင်ရေးကို အားပေးကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရေရှည် ကုန်ခမ်းနိုင်ခြင်း မရှိတဲ့ ရေအရင်းအမြစ်တွေကို အသုံးပြုတဲ့အတွက် ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးမှုတွေ ရရှိလာမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ပြည်ပမှ သွေးထိုးလှုံ့ဆော်ပေးနေကြတဲ့ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာအပေါ်မှာလည်း မိမိတို့ ရေမြေသဘာဝ ယဉ်ကျေးမှုနဲ့ သဟဇာတဖြစ်တဲ့ ကုစားမှု အစီအမံများဖြင့် ချေဖျက်သွားကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ စောစောက ဦးစိုးမြင့် ဆွေးနွေးတဲ့အထဲမှာ ပါ ပါတယ်။ ကျွန်တော်တို့ ဖွံ့ဖြိုးပြီးနိုင်ငံတွေကတော့ ၁၈၈၂ ကတည်းက စပြီး ရေအားလျှပ်စစ်ဆိုတာ ပေါ်လာတာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီရေအားလျှပ်စစ်တွေကို ကမ္ဘာ တစ်လွှားမှာ ရေအားလျှပ်စစ်တွေကို ဒီမြစ်ကြီးတွေကို ပိတ်ပြီး ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုလိုရာဒိုမြစ်ဆိုရင် ရေမစီးလောက်အောင်ထိ အမေရိကန်ကလည်း ရေအားလျှပ်စစ်တွေ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ခုချိန်မှာ သူတို့က သူတို့ရဲ့ ဖွံ့ဖြိုးမှုအတွက် လုပ်လို့အားရမှ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံလေးကနေပြီးမှ ရေအားလျှပ်စစ်လုပ်ပြီး ကိုယ့်နိုင်ငံဖွံ့ဖြိုးဖို့အတွက် ရေအားလျှပ်စစ် လုပ်တော့မယ် ဆိုတဲ့အခါကျတော့မှ သူတို့က သဘာဝပတ်ဝန်းကျင် ပျက်သုဉ်းလိမ့်မယ်၊ ဘာဖြစ်လိမ့်မယ်။ ညာဖြစ်လိမ့်မယ်ဆိုပြီး သူတို့ NGO တွေနဲ့ Green Passage အဖွဲ့တွေနဲ့ ပေါင်းပြီးတော့ နိုင်ငံတွေမှာ လာပြီးတော့ အဟန့်အတား အနှောင့်အယှက်တွေ ပေးလာတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒါတွေကို သတိရှိရှိနဲ့ သိရှိပြီး ကျွန်တော်တို့ရဲ့ ပြည်သူတွေကို အသိပညာတွေ ပေးဖို့လိုတယ်။ နောက်တစ်ခါ ကျွန်တော်တို့ စောစောကပြောတဲ့အတိုင်းပဲ ပြည်ပကနေ သွေးထိုး လှုံ့ဆော်နေတဲ့ကိစ္စတွေကို ကျွန်တော်တို့က ဒေသခံပြည်သူလူထုတွေ လက်ခံလာကြစေဖို့အတွက် စည်းရုံးဆောင်ရွက်ဖို့ အချိန်ကျရောက် နေပြီ ဖြစ်ပါကြောင်းနဲ့ ဦးမျိုးမြင့် ရဲ့ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းသည့် အဆိုကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့က ပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ နည်းဥပဒေခွဲ (င) အရ သက်ဆိုင်ရာ ပြည်ထောင်စု အစိုးရအဖွဲ့သို့ ပေးပို့ပြီး (၂၁)ရက်အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးနေစဉ်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးပြီးနောက် ဖြစ်စေ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဆွေးနွေးနိုင်တယ်လို့ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါကြောင့်ပြီးခဲ့တဲ့ တချို့ အဆိုတွေမှာဆိုရင် (၂၁)ရက် မပြည့်သေးလို့ လာမဖြေတဲ့အတွက် စောင့်ပေးရတာ ရှိပါတယ်။ အခုဟာက (၂၁)ရက်ကျော်ပြီး လို့ (၃၁)ရက် ဖြစ်လာတဲ့အခါကျတော့ ပထမ မအားလို့ ဆိုတဲ့အတွက် ကျွန်တော်တို့ စောင့်ပြီးတော့ လုပ်ပါတယ်။ စောင့်ပြီးတော့ လုပ်တဲ့အခါကျတော့ ဖြေစရာအဖြေက အဆင်သင့် မဖြစ်သေးလို့၊ ဝန်ကြီးက အတည်မပြုသေးလို့ လာပြီးတော့ မဖြေနိုင်သေးဘူးဆိုပြီးတော့ ပြောပါတယ်။ အဲဒီတော့ လွှတ်တော် က အခုကာလမှာ အချိန်လုပြီးတော့ အလုပ် လုပ်နေရတဲ့အချိန် ဖြစ်တဲ့အတွက် မိမိတို့ အဆင်သင့်ဖြစ်မှ လာဖြေမယ်။ အားမှ လာဖြေမယ် ဆိုတာမျိုးကိုတော့ လက်ခံနိုင်စရာ မရှိပါဘူး။

ဒါကြောင့်မို့လို့ အခု လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့ မြန်မာနိုင်ငံ၏ အနာဂတ်လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးမှုတွင် မျှတခြေရှိ၍ အာမခံနိုင်သောစီမံကိန်းများ (Justifiable Power Projects) ကို အောင်မြင်စွာ အကောင်အထည် ဖော် ဆောင်ရွက်သွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုတဲ့နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၃၆)၊ ကန့်ကွက် မရှိ၊ ကြားနေ(၃) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၀) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၄၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၄း၄၄ နာရီအချိန်တွင် ရပ်နားပါသည်။]